# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၅၀)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချီလီသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကျရောက်သော ချီလီသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ချီလီသမ္မတနိုင်ငံ သမ္မတ မစ်(စ)မီရှဲလ် ဘာရှက်လက် ဂျဲရီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




### အမှာစကားပြောကြား

အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း **ကော်မတီ အစည်းအဝေး တွင် သဘာပတိ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## နိုင်ငံအကျိုး၊ ပြည်သူတစ်ရပ်လုံးအကျိုး ရှေးရှုကာ ရေရှည်တည်တံ့ခိုင်မာသည့် အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲက နေပြည်တော်ရှိ တရားရုံးချုပ်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်)

# နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အခြေခံကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုချမှတ်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိသည်။

ယနေ့ကာလတွင် နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းသာယာလာသည်နှင့်အမျှ လူမှု စီးပွားရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ဖြည့်ဆည်းပေးခဲ့ရာ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် သိသာထင်ရှားစွာ တိုးတက်မြင့်မားလာနေပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် လမ်းသစ်မိုင်ငါးထောင်ကျော် ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ အဆင့်မြှင့်ပြုပြင်ထိန်းသိမ်းခြင်းနှင့် တံတားကြီးအစင်း၇၀၊ တံတားငယ် အစင်း ကိုးရာကျော်တို့ကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများ လွယ်ကူစွာ ကူးသန်းဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်း များကို တိုးမြှင့်တည်ဆောက်ပေးထားသည့်အပြင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း ဖွင့်လှစ် ပညာသင်ကြားပေးလျက်ရှိသည်။

အခြေခံပညာအပြင် အဆင့်မြင့်ပညာများ ဆည်းပူးနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်သင်ကြား ပေးလျက် ရှိသည်။

ယခုအခါ နယ်စပ်ဒေသများတွင် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေး ဌာန ၅၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀ တို့ကို တည်ဆောက်ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်နေပြီဖြစ်သည်။

ယနေ့ကာလတွင် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံဖွံ့ဖြိုးရေးဒေသတို့ကိုဗဟိုပြုပြီး ရှမ်းပြည်နယ်တစ်ခွင် အေးချမ်းသာယာဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။ စက်မှုဇုန်များ၊ နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ လောက်ကိုင်၊ မိုင်းလားနှင့် တာချီလိတ် နယ်စပ်မြို့ကြီးများ တိုးတက်ဖြစ်ထွန်းနေခြင်းသည် မျက်မှောက်ခေတ် နယ်စပ်ဒေသများ ဖွံ့ဖြိုး တိုးတက်မှု၏ ပကတိမြင်ကွင်းများပင် ဖြစ်သည်။

နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများအတွက် ယခုအချိန်အထိ ငွေကျပ်သန်းပေါင်း ၈၄၇၅၀ကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ် ဖော်ဆောင်ပေးလျက်ရှိရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူများက နယ်စပ်ဒေသများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် တက်ညီလက်ညီ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြည်နယ်၊တိုင်းများတွင် ရွှေလုပ်ငန်းရှင်များအသင်းဖွဲ့စည်း လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများ ကျယ်ပြန့်စွာပါဝင် ရွှေဈေးနှုန်းတည်ငြိမ်ရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စက်တင်ဘာ၁၄ရက် မွန်းလွဲ ၂နာရီခွဲက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်အတွင်း ရွှေသတ္တုထုတ်လုပ်နေသော ပြည်နယ်၊ တိုင်းများတွင် ရွှေလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးနှင့် ဖွဲ့စည်းရာတွင် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ရွှေလုပ်ငန်းရှင်များအားလုံးနှင့် ရွှေထုတ်လုပ်သူများပါ ကျယ်ပြန့်စွာပါဝင်ဖွဲ့စည်းရေး၊ နိုင်ငံတော်ရွှေဈေးနှုန်း တည်ငြိမ်ရေး အတွက် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် တက်ရောက်လာသူများနှင့် တာဝန်ရှိသူများက ဆောင်ရွက်မည့်အစီအစဉ်များ ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်**



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်း အမှတ် ၃၄နေ ဒေါ်အုံး ကျင်၊ သားမောင်ကျော်မြင့်တို့အား ရည်စူး၍ ဦးထွန်းကြည်၊အစ်ကို ဦးတင် အုန်း၊ တူမ မစန်းရင်မေ၊ မခင်အေးရီ မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ် ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်း စဉ်။** (က–ပ)

**မွန်ပြည်နယ် ၂၀၀၆ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်(၂၀၀၃–၂၀၁၂) အထိမ်း အမှတ် အခမ်းအနားကို စက်တင် ဘာ၈ရက်က မွန်ပြည်နယ် မော်လ မြိုင်မြို့ အထက(၆) ရတနာမွန် ခန်းမတွင်ကျင်းပရာ မွန်ပြည်နယ် ပညာရေးမှူး ဦးထွန်းရီက နိုင်ငံ တကာနှင့် မြန်မာနိုင်ငံ စာတတ် မြောက်မှု အခြေအနေကို ရှင်းလင်း တင်ပြစဉ်။** (၁၆၈)



## မြဝတီရုပ်မြင်သံကြား

**၁၈–၉–၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှို့ဝှက်ချက်"** (အပိုင်း–၁၅)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ သံဃာ့ဂုဏ်ရည်မြတ်လယ်တီ –အဘိဓမ္မာ၊ သဒ္ဒါ၊ မြတ်ကျမ်းစာ အပိုင်း(၅)
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း–၉)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၉–၂၀၀၆ (တနင်္လာနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ဆင်ယင်ရိုးရာ တို့မြန်မာ
၇:၂၀ တေးဂီတအစီအစဉ်
၇:၃၅ ဖြူးချောင်းတံတား
၇:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၇:၅၀ လှပသစ်ဆန်းအလှပြင်ခန်း (မဥ္ဇူအလှပြုပြင်ရေး)
၈:၀၀ တေးဂီတအစီအစဉ်
၈:၀၅ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ ပြည်တွင်းသတင်းအကျဉ်း
၈:၃၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ အောင်မြင်ကြီးပွား မွေးမြူရေးလုပ်ငန်းများ (အနောက်တောင်တိုင်း စစ်ဌာနချုပ်)
၈:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀ Music Gallery (ချစ်နေရရင်ပြီးတာပဲ)
၉:၃၀ မေ့ထားလို့တော့မဖြစ်ဘူး (နေအောင်၊ ထွန်းထွန်းဝင်း၊ စောနိုင်(ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်၊ ဇွန်ပွင့်)
၉:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၀ ဆီးချိုခြေထောက်ရောဂါ
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ မိုးလေဝသခန့်မှန်းချက်
၁၀:၄၅ ဂီတသံစဉ်အလှဆင် (ခင်ယုမေ)
၁၁:၀၀ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ခင်စောမျိုး)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ဒေသဝမ်းစာဖူလုံရေး ဝိုင်းဝန်းကြိုးပမ်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

**မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ၇ရက် နံနက်ပိုင်းက မုဒုံမြို့နယ် ကွမ်တာကျေးရွာမှ တောင်သူ ဦးယုတိတ်နှင့် ဦးကြံစိန်တို့၏ ပထမမိုးစပါး ရတနာအောင်ရိတ်သိမ်းနေမှုနှင့်** (အောက်ပုံ) **ဒုတိယမိုးစပါး သီးထပ်ရင် ပြန်လည်စိုက်ပျိုးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးပြီး ရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများအားတွေ့ဆုံ၍ တိုင်းမှူးက ဒေသဝမ်းစာဖူလုံရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။**

## ရှင်းလင်းတင်ပြ

ထို့နောက် မုဒုံမြို့နယ် ခေတ္တဥက္ကဋ္ဌ ဦးကျော်ဇင်က မြို့နယ်အတွင်း မိုးစပါး စိုက်ပျိုးထားရှိမှုနှင့် တစ်မိုးနှစ်သီး စတင်စိုက်ပျိုးနေမှုကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ်၏ မိုးစပါးစိုက်ဧက ၁၀ သိန်း ပြည့်မီရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒေသခံတောင်သူများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

## လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ကွမ်တာကျေးရွာအတွင်း တောင်သူ ၅၂ ဦး၏ ဆင်းသွယ်လတ်စပါးမျိုးသန့် မျိုးပွားဧက ၂၀၀ စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်တွင် မိုးစပါးစိုက်ဧက ၁၀ သိန်း ပြည့်မီရေးဆောင်ရွက်လျက်ရှိရာ ယခုအထိ ၈၂၆၅၄၁ ဧက စိုက်ပျိုးပြီး ဖြစ်ကြောင်းနှင့် နောက်စိုက်နှင့် တစ်မိုးနှစ်သီး ဒုတိယစပါးများ ဆက်လက် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မိုးကုတ်ဓမ္မာရုံတည်ဆောက်ရေး ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၁၇**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အစုကြီးကျေးရွာတွင် မိုးကုတ်ဓမ္မာရုံကြီးကို ပုသိမ်မြို့ နံ့သာကုန်းကျောင်းတိုက် ဆရာတော်ကြီးကိုယ်တိုင် အုတ်မြစ်ချပေးတော်မူ၍ ၂၇ ပေ x ၉၁ ပေ အဆောက်အအုံကြီး တည်ဆောက်နေသည်မှာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ လှူဒါန်းလိုသော ပုဂ္ဂိုလ်များသည် ဓမ္မာရုံကြီး၏ အမိုး၊ ဘုရားဆောင်စသည်တို့ကို ဦးလှအေး ဖုန်း-၇၂၆၂၆၉ နှင့် ဒေါ်ခင်ခင်စန်း ဖုန်း-၅၇၀၀၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကိုကျော်လွင်ဦး၊ ကိုအောင်ကျော်ဇေယျတို့အား ရည်စူး၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ညဈေး(မိဘမေတ္တာဆေးဆိုင်) သား၊ သမီး၊ မြေး မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။**
(က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် အမှတ် ၆၁ နေ ဦးသိန်းထွန်း-ဒေါ်ခင်ဌေးမြင့်၊ သား မောင်နေလင်းထွန်း (ခေတ္တ-ဩစတြေးလျ)၊ သမီး ဒေါက်တာအေးအိအိထွန်း၊ သား မောင်ထက်ရန်အောင်ထွန်း(ခေတ္တ-ကနေဒါ)မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ရဟန်းဒကာကြီး ဦးတင်မြင့်ဦး-ရဟန်းမယ်တော်ကြီး ဒေါ်စောကြည်၊ သား ဖြိုးဇော်ဟိန်း၊ ဖြိုးညီညီဟိန်း ကြည်ကြည်သစ်စက် မိသားစုတို့က စုစုပေါင်းအလှူငွေကျပ် ၅၅၀၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ချီလီနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကျရောက်သော ချီလီသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ချီလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာအယ်လ်ဂျန်ဒရို ဖောက်စ်လေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

# ရည်မှန်းချက်တာဝန်များအောင်မြင်ရေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်သည် စက်တင်ဘာ ၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်ရုံး (သန်လျင်)တွင် ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံကာ ၂၀၀၆-၂၀၀၇ ခုနှစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးမှာကြားသည်။

**(အောက်ပုံ)**

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးနှင့် မြို့နယ်ဦးစီးမှူးများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရန်ကုန်တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခရိုင်ရုံး(သန်လျင်)၏ စာကြည့်တိုက်၊ မြေစိုက် နံရံကပ်စာစောင်နှင့် ရုံးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၇)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၇**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အခန်းဆက်ကိုရီးယားခရီးသွားဆောင်းပါး ဒိုင်းနမစ်ကိုရီးယား၊ အသက်လေးနှစ်အရွယ်ကလေး ဘာသာစကားသုံးမျိုးတတ်၊ ရေကူးနှင့်ကွန်ပျူတာလည်းကျွမ်းကျင်၊ တိုင်းရင်းသားလူမျိုးစု ရှစ်စု၏ ရိုးရာ ဓလေ့ပွဲတော်များပါပြတိုက် တိုင်းရင်းသားကျေးရွာတွင် ပွင့်လင်းရာသီအမီ ဖွင့်လှစ်မည်။ မြန်မာ-တောင်ကိုရီးယားနှစ်နိုင်ငံကြား လွတ်လပ်စွာလေကြောင်းပျံသန်းရေး လက်မှတ်ရေးထိုး စသည့်ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

## ဖြန့်ချိ

ချန်ပီယံလိဂ်မှာ ဘယ်သူဗိုလ်စွဲမလဲ အားကစားဆောင်းပါးနှင့်အတူ ဆင်ဟွာသတင်းအေဂျင်စီက တရုတ်နိုင်ငံအတွင်း ပြည်ပသတင်းအေဂျင်စီများအတွက် လုပ်ထုံးစည်းကမ်းသစ်များထုတ်ပြန်၊ သမီးကလေးအဖြစ် ကွယ်လွန်သူ သားကြီး ဝင်စားလေသလား၊ ထိုင်းနိုင်ငံအိမ်ရှင်မများ အိတ်ချ်အိုင်ဗွီစွဲကပ်ခံရမှု တိုးပွားလာနေ၊ အဏုမြူစွမ်းအင်စက်ရုံ ရှေ့ဆယ်နှစ်အတွင်း တည်ဆောက်ရေး ဗီယက်နမ်စီစဉ်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(က-ပ)**

# မြောက်ဥက္ကလာပ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သက်ကြီးစာပေပညာရှင်များပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးတည်ရာ အမှတ် ၅၈ ရော ၇ လမ်း (ည)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

## ပူဇော်ကန်တော့

ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များဖြစ်သော ဦးလှကြိုင် (ပါရဂူ) ၈၅ နှစ်၊ ဦးမောင်စိုး(ပွင့်လင်း) ၈၅ နှစ်၊ ဦးချစ်လှိုင်(ချစ်ပိုလေး) ၈၅ နှစ်၊ ဦးရဲလွင်(သင့်ဘဝ ဦးရဲလွင်) ၈၄ နှစ်၊ ဦးသန်းရှိန်(အောင်ကျော်မင်း) ၈၂ နှစ်၊ ဦးလေးမြိုင်(လေးမြိုင်) ၈၂ နှစ်၊ ဦးဌေးမောင်(ဌေးမောင်) ၈၀၊ ဦးမြင့်(ကျိုက်လတ်မိုးမြင့်) ၇၈ နှစ်၊ ဦးသောင်းလွင်(သောင်းလွင်) ၇၇ နှစ်၊ ဦးသိန်းဆွေ(ရဲဘော်ဝဏ္ဏ) ၇၇ နှစ်တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ နာယက ဦးရဲလွင်(သင့်ဘဝ ဦးရဲလွင်) နေအိမ်သို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၃၂၂)**

# ရုရှားမှ ရင်းနှီးမြှုပ်နှံသူများ အင်ဒိုနီးရှားတွင် ရေနံချက်စက်ရုံတည်ဆောက်မည်

ဂျကာတာ စက်တင်ဘာ ၁၇

**အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားရှိ စီတူဘွန်ဒိုမြို့တွင် ရုရှားနိုင်ငံ စီးပွားရေးလုပ်ငန်းတစ်ခုက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုငွေဖြင့် ရေနံချက်စက်ရုံတစ်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားပြည်တွင်း မီဒီယာများက စက်တင်ဘာ ၁၅ ရက်၌ ဖော်ပြသည်။**

အဆိုပါ ရေနံချက်စက်ရုံကို ဂျကာတာမြို့မှ ကီလိုမီတာ ၈၅၀ ခန့် အကွာရှိ ကမ်းရိုးတန်းမြို့ဖြစ်သော စီတူဘွန်ဒိုမြို့တွင် မြေဟက်တာ ၄၀၀ ပေါ်၌ တည်ဆောက်မည်ဖြစ်ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်ရှိမည်ဟု ဘစ်နက်စ် အင်ဒိုနီးရှား သတင်းစာ၌ ဖော်ပြထားသည်။

ရုရှားရင်းနှီးမြှုပ်နှံသူများနှင့် အတူ အင်ဒိုနီးရှားနိုင်ငံက ပူးပေါင်းဆောင်ရွက်သော စီမံကိန်းဖြစ်ပြီး လာမည့် နိုဝင်ဘာလ၌ အပြီးသတ် သဘောတူလက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း အရှေ့ဂျာဗားမှ အရာရှိတစ်ဦးဖြစ်သူ အီမင်အူတိုမိုက ပြောကြားသည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြသည်။

ထို့အပြင် ရုရှားနိုင်ငံနှင့်အတူ ခရီးသွားလုပ်ငန်းနှင့် နည်းပညာဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများ ရရှိမည်ဟုလည်း ၎င်းကဆက်လက် ပြောကြားသည်။

**ထုတ်လုပ်ပေးနိုင်**

ယခု တည်ဆောက်တော့မည့် ရေနံချက်စက်ရုံမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၅၀၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဒီဇယ်၊ ဓာတ်ဆီနှင့် ချောဆီများကိုလည်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# ဂျပန်မင်းသမီးကီကို မီးဖွားပြီး ဆေးရုံမှဆင်း

**တိုကျို စက်တင်ဘာ ၁၇**

ဂျပန်မင်းသမီး ကီကိုသည် မကြာမီက သားယောကျ်ားလေးတစ်ဦး မွေးဖွားနိုင်ခဲ့သည်။

ပုံမှာ ဂျပန်မင်းသမီး ကီကိုနှင့် ခင်ပွန်းဖြစ်သူ အိမ်ရှေ့မင်းသား အကီရှီနိုတို့သည် စက်တင်ဘာ ၁၅ ရက်က တိုကျိုမြို့ရှိ ဆေးရုံတစ်ရုံမှ ယင်းတို့၏ မွေးဖွားခဲ့သော သားနှင့်အတူ ဆေးရုံမှဆင်းလာခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

ယင်းကလေး၏ အမည်ကို ဟီဆာဟီတိုဟု အမည်ပေးထားသည်။ ၎င်းသည် အိမ်ရှေ့မင်းသားဖြစ်လာမည့်သူ ဖြစ်သည်။

အဆိုပါ သားယောကျ်ား ကလေးမွေးဖွားနိုင်ခဲ့၍ ဂျပန်နိုင်ငံ၏ ထီးမွေနန်းမွေအား အမျိုးသမီးများ ဆက်ခံခွင့်ကို ဆက်လက်ဆွေးနွေးရန် အဆုံးသတ်စေခဲ့သည်။ **(အင်တာနက်)**

# အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိက သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**ဘရာဆီးလီးယား စက်တင်ဘာ ၁၇**

နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍတို့တွင် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုလျက် အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိက တွေ့ဆုံရေး ဖိုရမ် ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို စက်တင်ဘာ ၁၃ရက်က ဘရာဆီးလီးယား မြို့တော်တွင် ဖွင့်လှစ်လိုက်သည်။

**ထုတ်ပြန်**

ဘရာဇီးသမ္မတ ကူလာဒါဆီးလ်ဗား၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်၊ တောင်အာဖရိကသမ္မတ အမ်ဘီကီတို့က နယ်ပယ်စုံတွင် သုံးနိုင်ငံဆက်ဆံရေး ခိုင်မာစေရမည်ဟု သန္နိဋ္ဌာန်ချမှတ်လိုက်ကြောင်းဖြင့် သုံးရက်ကြာ ထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဖော်ပြပါရှိသည်။

**ကျင်းပမည်**

အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကတွေ့ဆုံရေး ဖိုရမ်(အိုင်ဘီအက်စ်အေ)ကို ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းသည်။ နောက်တစ်ကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၇ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဖမ်းဆီးခံနေရသူ အစ္စရေးစစ်သားထံမှစာ မိဘများထံပေးပို့

**ဂါဇာ စက်တင်ဘာ ၁၇**

ဂါဇာမှ ပါလက်စတိုင်းစစ်သွေးကြွများ ဖမ်းဆီးထားသည့် အစ္စရေးစစ်သားဂီလက်ရှာလစ်ထံမှ စာတစ်စောင် ၎င်း၏မိဘများထံသို့ ပေးပို့လိုက်ကြောင်း ဧစပ်ဆွေးနွေးပွဲတွင်ပါဝင်သည့် သတင်းရပ်ကွက်က စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားလိုက်သည်။

နယ်စပ်ဖြတ်ကျော်သဖြင့် ဇွန် ၂၅ ရက်က ဖမ်းဆီးခံရပြီး သုံးလနီးပါးအကြာတွင် ဂါလစ်၏လက်ရေးဖြင့်စာတစ်စောင် မိဘများထံ ပို့လိုက်ခြင်းမှာ အဆိုပါ အစ္စရေးစစ်သားအနေဖြင့် ကောင်းမွန် ကျန်းမာစွာရှိကြောင်း မိဘများအား အသိပေးခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်၏ ပြောရေးဆိုခွင့်ရှိသူ မီရီအီဆင်က တစ်စုံတစ်ရာ ဝေဖန် ပြောဆိုခြင်းမပြုဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ**







**တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် မြို့တော် ကွမ်ကျိုးမြို့တွင် ကျင်းပသည့် တရုတ်နှင့် အီတလီ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အတွက် အသေးစားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများ (အက်စ်အမ်အီး) ပြပွဲဖွင့်ပွဲ အခမ်းအနား၌ အီတလီ ဝန်ကြီးချုပ် ရိုမာနိုပရိုဒီ အဖွင့်အမှာစကား ပြောကြားနေသည်ကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်-အီတလီနှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် အသေးစားနှင့်အလတ်စားထုတ်ကုန်များပြပွဲ ဖွင့်

**ကွမ်ကျိုး စက်တင်ဘာ ၁၇**

တရုတ်နှင့် အီတလီနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေးအတွက် နှစ်နိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများ (အက်စ်အမ်အီး) ပြပွဲကို စက်တင်ဘာ ၁၅ ရက်က တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

**ရောက်ရှိ**

ဖွင့်ပွဲအခမ်းအနား၌ အီတလီ ဝန်ကြီးချုပ် ရိုမာနိုပရိုဒီက အီတလီ-တရုတ် မိတ်ဖက် နိုင်ငံများအဖြစ် တိုးမြှင့်ရောက်ရှိလာစေရေးအတွက် ဘဏ္ဍာရေး၊ စက်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းတို့မှ ကိုယ်စားလှယ် ၇၀၀ ကျော်ခန့်ကို ဦးဆောင်ကာ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ တရုတ် ဒုတိယဝန်ကြီးချုပ် ကျန်ဖေယန်ကလည်း ယခုကဲ့သို့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပြပွဲကို ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်မှု၏ အကျိုးရလဒ်များကို ခံစားကြရမည်ဟု ပြောကြားသည်။

**ပိုမိုဖြစ်ထွန်း**

အီတလီနိုင်ငံသည် တရုတ်ကုမ္ပဏီများနှင့် ပူးတွဲကာ ကုန်သွယ်မှုများ ပိုမိုဖြစ်ထွန်းလာရေးကို ကြိုဆိုကြောင်း၊ ဥရောပသမဂ္ဂဈေးကွက်သို့ တရုတ်နိုင်ငံဝင်ရောက်ရေးအတွက်လည်း လမ်းကြောင်းဖြစ်လာမည်ဟု အီတလီဝန်ကြီးချုပ် ပရိုဒီကပြောကြားသည်။

**ပြသ**

အဆိုပါပြပွဲတွင် တရုတ်ကုမ္ပဏီ ၄၀၀၀ ကျော်နှင့် အီတလီကုမ္ပဏီ ၇၆၀ တို့မှ ထုတ်ကုန်ပစ္စည်းများကို ပြသခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဂျပန်၌ မုန်တိုင်းတိုက်ခတ်ပြီးရေလွှမ်း နေအိမ်များ ပျက်စီး၊ သုံးဦး သေဆုံး



**တိုကျို စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဆာဂါစီရင်စု၌ စက်တင်ဘာ ၁၆ ရက်က ရှန်ရှန်မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

မုန်တိုင်းကြောင့် နေအိမ်များ ပျက်စီးသည့်အပြင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။

**တိုက်ခတ်**

ယင်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၁၀ နှုန်းဖြင့် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း၏ မြောက်ဘက်သို့ ဦးတည်တိုက်ခတ်လျက်ရှိကြောင်း၊ ရေကြီးမှုကြောင့် လူသုံးဦး သေဆုံးသွားကြောင်း ဂျပန်မိုးလေဝသဌာနက ကြေညာသည်။ **(အင်တာနက်)**

**ဂျပန်နိုင်ငံ၌ မုန်တိုင်းတိုက်ခတ်ပြီး ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သဖြင့် နေအိမ်များ ပျက်စီးနေသည်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တောင်ကိုရီးယား သင်္ဘောများ ပြည်ပပို့မှုစံချိန်တင်

**ဆိုးလ် စက်တင်ဘာ ၁၇**

တောင်ကိုရီးယားနိုင်ငံ သင်္ဘောများ ပြည်ပသို့တင်ပို့မှု ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ဘီလီယံအထိ ရရှိမည်ဟု မျှော်မှန်းထားကြောင်း ကိုရီးယားသင်္ဘော တည်ဆောက်ရေးအသင်းက စက်တင် ဘာ ၁၅ရက်တွင် ပြောကြားခဲ့သည်။

ယခုနှစ်တွင် ပြည်ပသို့ သင်္ဘောများ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၇ဒသမ၇၃ဘီလီယံမှ ၂၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်မည်ဟု နှစ်ဦးပိုင်းတွင် မျှော်မှန်းထားသည်။

ကိုရီးယားသင်္ဘောတည်ဆောက်ရေးအသင်း အဆိုအရ ပြည်တွင်းကုမ္ပဏီများသည် ယခုနှစ်ပထမခြောက်လအတွင်း အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၃၆ ဘီလီယံတန်ဖိုးရှိ သင်္ဘောများတင်ပို့ခဲ့ပြီး ဒုတိယနှစ်ဝက်တွင် ပြည်ပသို့ အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၆၅ ဘီလီယံဖိုး ရောင်းချရန် မျှော်လင့်ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နီပေါသို့ နိုင်ငံတကာလေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းမည်

ခတ္တမန္ဒူ စက်တင်ဘာ ၁၇

**နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရန်စိတ်ဝင်စားမှု များပြားလာလျက်ရှိသဖြင့် နိုင်ငံတကာလေကြောင်းလိုင်းခြောက်လိုင်းကျော် ပျံသန်းပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း ခတ္တမန္ဒူ ပို့စ်သတင်းစာက စက်တင်ဘာ ၁၅ ရက်၌ ဖော်ပြသည်။**

### ပါဝင်

ထိုလေကြောင်းလိုင်းများမှာ ဂျီအမ်ဂျီ ဘင်္ဂလားဒေ့ရှ်၊ အိုရီယန့် ထိုင်း၊ ကိုရီးယား အဲ၊ အဲ အာရေဗီးယား၊ ယူအေအီးနိုင်ငံမှ အီတီဟတ်အဲယားဝေးနှင့် သီရိလင်္ကာ အဲလိုင်းတို့အပါအဝင် အခြား လေကြောင်းလိုင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း အဆိုပါ သတင်းစာ၌ ဖော်ပြသည်။

### ပျံသန်း

ဂျီအမ်ဂျီ ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းအနေဖြင့် ဒါကာ–ခတ္တမန္ဒူ လေကြောင်းလိုင်းသစ်တစ်ခုကို လာမည့်အောက်တိုဘာ ၂၅ ရက်မှစတင်ကာ ပျံသန်းမည်ဖြစ်ကြောင်း နီပေါနိုင်ငံရှိ လေကြောင်းဆိုင်ရာ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဂျိုင်ဒီဝမ်က ပြောကြားသည်။

### စတင်

အခြားလေကြောင်းလိုင်းများ ဖြစ်သော အိုရီယန့် ထိုင်းနှင့် အာရေဗီးယား လေကြောင်းလိုင်းတို့အပြင် ယူအေအီးမှ အီတီဟတ်အဲယားဝေးတို့မှာ နီပေါနိုင်ငံ၏ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်း၏ခွင့်ပြုချက်ရရှိလျှင် စတင်ပျံသန်းမည်ဖြစ်သည်။

### တိုက်ရိုက်

တောင်ကိုရီးယား အဲလိုင်းသည် နီပေါအစိုးရ၏ ခွင့်ပြုချက်ရပြီးပါက တောင်ကိုရီးယားနိုင်ငံ အင်ချွမ်းမြို့မှ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ တိုက်ရိုက်ပျံသန်းမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးမှု စက်တင်ဘာ ၁၅ရက်အထိ ၂၆၇၀ ရှိပြီ

**ဘဂ္ဂဒက် စက်တင်ဘာ ၁၇**

အီရတ်နိုင်ငံ အင်ဘာပြည်နယ်တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ရန်သူ့လက်ချက်ဖြင့် စက်တင်ဘာ ၁၅ ရက်က သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

### ဖော်ပြ

အခြားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ခြေကျင် ကင်းလှည့်စဉ် စက်တင်ဘာ ၁၄ ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ထိမှန်သေဆုံးကြောင်း သီးခြားကြေညာချက်တွင် ဖော်ပြပါရှိသည်။

### ကြေညာ

ဘဂ္ဂဒက်မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်တွင် စက်တင်ဘာ ၁၄ရက်က ဗုံးခွဲတိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က ကြေညာသည်။

### သေဆုံး

၂၀၀၃ခုနှစ်မှစ၍ အမေရိကန်အပေါင်းပါတပ်များ အီရတ်ကိုကျူးကျော်ပြီးနောက်ပိုင်း အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၂၆၇၀ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကျေဗွီစီကုမ္ပဏီ၏ အရောင်းပြခန်းတစ်ခု၌ ဈေးကွက်တွင် မကြာမီ ရောင်းချမည့် အသံချဲ့စက် ပုံစံသစ်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်စတင်ရန် အိန္ဒိယနှင့်ပါကစ္စတန်ခေါင်းဆောင်များ သဘောတူညီ

ဟာဗားနား စက်တင်ဘာ ၁၇

**အိန္ဒိယနိုင်ငံ မွမ်းဘိုင်းမြို့တွင် ပြီးခဲ့သည့် ဇူလိုင်လက ရထားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရပ်ဆိုင်းခဲ့သော နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံခေါင်းဆောင်များက စက်တင်ဘာ ၁၇ရက်၌ ပြောကြားလိုက်သည်။**

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်တို့ တွေ့ဆုံဆွေးနွေးပွဲပြီးနောက် ယခုကဲ့သို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပြောကြားခြင်း ဖြစ်သည်။

### သဘောတူညီ

၎င်းတို့နှစ်ဦးသည် ကျူးဘား နိုင်ငံ ဟာဗားနားမြို့တွင် ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအစည်းအဝေး ပြင်ပတွင် တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

နှစ်နိုင်ငံ ခေါင်းဆောင်တို့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးကို ပူးတွဲဆောင်ရွက်ကြရန်လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### ပြင်ဆင်

ပြန်လည် ကျင်းပမည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ပြုလုပ်ရေးအတွက် ပြင်ဆင်စီစဉ်မှုများမကြာမီပြုလုပ်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

# မျက်ခွံဖြင့် မော်တော်ယာဉ်တစ်စီးကို ဆွဲပြသူ



**မျက်ခွံနှစ်ဖက်တွင် ကြိုးဖြင့်ချည်၍ မော်တော်ယာဉ်တစ်စီးကို ဆွဲပြနေသူတစ်ဦးအား တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ် ချန်ချွမ်မြို့တွင် တောင်ချန်ရှန်ဆိုသူ တရုတ်နိုင်ငံသားတစ်ဦးက မော်တော်ယာဉ်တစ်စီးကို သူ၏မျက်ခွံနှစ်ဖက်တွင် ကြိုးဖြင့်ချည်ကာ ဆွဲပြခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

# နှစ် ၃၀၀၀ ခန့်ကကျောက်စာ



**လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်က ကျောက်စာတစ်ချပ်ကို တွေ့ရစဉ်။** (ဝဲပုံ)

မက္ကဆီကိုနိုင်ငံ ဗီရာခရုဇ်မြို့အနီး မြေအောက်မှ တူးဖော်တွေ့ရှိရသော ကျောက်ပြားတစ်ချပ်တွင် စာများ ရေးထိုးထားသည်ကို တွေ့ရှိရရာ သုတေသနပညာရှင်များက ထိုကျောက်စာသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်က ရေးထိုးခဲ့သော ကျောက်ထွင်းစာတစ်ချပ်ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းကျောက်စာချပ်သည် အမြင့် ရှစ်ပေခန့်ရှိသည်ဟုလည်း သိရသည်။

**(အင်တာနက်)**

# မက္ကဆီကိုပင်လယ်ကွေ့၌ ဖြစ်ပေါ်နေသောလာနီမုန်တိုင်း ဟာရီကိန်း မုန်တိုင်းအဖြစ် ပြောင်းလဲဖြစ်ပေါ်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၇**

မက္ကဆီကိုပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော လာနီအမည်ရှိ အပူပိုင်းမုန်တိုင်းသည် စက်တင်ဘာ ၁၅ ရက်တွင် ပိုမိုအားကောင်းလာပြီး ဟာရီကိန်းမုန်တိုင်းအဖြစ်သို့ရောက်လာပြီ ဖြစ်ကြောင်းသိရသည်။

ထိုသို့အားကောင်းသော ဟာရီကိန်းမုန်တိုင်းသဖွယ်ဖြစ်လာပြီး ကယ်လီဖိုးနီးယားပြည်နယ် ဘာဂျာ၊ ကယ်လီဖိုးနီးယား၊ ဗင်နီဇွဲလား ပင်လယ်ကမ်းခြေတစ်လျှောက် ဦးတည်လျက်ရှိရာ မက္ကဆီကိုနိုင်ငံ၏ ကမ်းရိုးတမ်းတစ်လျှောက်တွင် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

### ထုတ်ပြန်

အဆိုပါမုန်တိုင်းကြောင့် မက္ကဆီကိုနိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားသည်။ မက္ကဆီကိုနိုင်ငံတွင် ယခုလအတွင်း တိုက်ခတ်ခဲ့သော ဂျွန်အမည်ရှိ ဟာရီကိန်းမုန်တိုင်းကြောင့် လူသုံးဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

### ပြောကြား

ယခုဖြစ်ပေါ်နေသော မုန်တိုင်းသည် အင်အားအသင့်အတင့်ကောင်းမွန်သော ဟာရီကိန်းမုန်တိုင်းအဖြစ် ရောက်ရှိလာပြီး တစ်နာရီလျှင် မိုင်၇၀နှုန်း တိုက်ခတ်နိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

18-9 (05) 1 9/18/06, 1:27 AM

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

## စုစည်းတင်ပြသူ — မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း၌ သီတင်းတစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သော ထူးခြားသတင်းဖြစ်ရပ်များမှ အချို့ကို ကောက်နုတ်၍ မြန်မာ့အလင်း ပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

**စက်တင်ဘာ ၁၁**

- ဂျပန်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်း လျင်မြန်လာခဲ့ရာ ပြီးခဲ့သောလက ဂျပန်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုမှာ ကမ္ဘာ့နိုင်ငံများတွင် အမြင့်ဆုံး ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။
- **မက္ကဆီကိုပင်လယ်ကွေ့တွင် အင်အားရစ်ချ်တာစကေး ၆ ရှိသော ငလျင်လှုပ်သွားရာ** နှစ်ပေါင်း ၃၀အတွင်း အပြင်းထန်ဆုံးငလျင်ဖြစ်ကြောင်းသိရသည်။ ငလျင်ကြောင့် မက္ကဆီကို **ကမ်းရိုးတန်းတစ်လျှောက်တွင် အဆောက်အအုံများ ယိမ်းယိုင်သွားသော်လည်း ပျက်စီးမှု** မရှိကြောင်း သိရသည်။

**စက်တင်ဘာ ၁၂**

- ရုရှားနိုင်ငံအနေဖြင့် တောင်အာဖရိကနိုင်ငံသို့ နျူကလီးယားလောင်စာများ တင်ပို့ပေးတော့မည်ဖြစ်ကြောင်း၊ ထိုသို့ တင်ပို့မှုကို ၂၀၁၀ ပြည့်နှစ်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တင်ပို့မည့် နျူကလီးယား လောင်စာများကို တောင်အာဖရိကရှိ နျူကလီးယားဓာတ်အားပေး စက်ရုံအတွက်ဖြစ်ကြောင်း ရုရှားနိုင်ငံက သတင်းထုတ် ပြန်သည်။
- အီရန်နိုင်ငံအနေဖြင့် နျူကလီယားအစီအစဉ်ကို ဆောင်ရွက်နေ ခြင်းမှာ ဒေသ အတွင်း **အမေရိကန်တို့ ဩဇာ လွှမ်းမိုးမှုကို ဟန့်တားရန်နှင့် အီရန်နိုင်ငံအပေါ် အမေရိကန်တို့** အသာစီးယူခွင့် မပြုနိုင်ရန်အတွက် ဖြစ်ကြောင်း အီရန်ပြည်ထဲရေးဝန်ကြီးဟောင်း ဇလီ **မိုဟာမက် ဘာရာရက်တီက ပြောကြားလိုက်သည်။**

**စက်တင်ဘာ ၁၃**

- နာဆာအတွက် အာကာသယာဉ်များကို လွှန်ခဲ့သည့် ၂၅ နှစ်တာကာလမှ စတင်ကာ တည်ဆောက်ပေးခဲ့သော ဘိုးရင်းကုမ္ပဏီက အိုရီယွန် မျိုးဆက်သစ် လွန်းပြန်ကို တည်ဆောက်ရန်စီစဉ်နေကြောင်း၊ ထိုအာကာသယာဉ်ကို ၂၀၁၄ ခုနှစ်၌ လကမ္ဘာသို့ လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အင်္ဂါဂြိုဟ်သို့လည်းကောင်း အာကာသယာဉ်မှူး လေးဦးနှင့်အတူ လွှတ်တင်မည်ဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။
- ပါလက်စတိုင်းတို့ ဖမ်းဆီးသွားခဲ့သော အစ္စရေးတပ်ကြပ် ဂီလက်ရှာလစ်အား ပါလက်**စတိုင်း အကျဉ်းသား ၈၀၀နှင့်အလဲလှယ်လုပ် လွှတ်ပေးရန် အစ္စရေးနိုင်ငံက အသင့်ရှိနေပြီ** ဖြစ်ကြောင်း အစ္စရေးနိုင်ငံထုတ် ယီဒီယော့အဟာရိုနော့သတင်းစာ၌ ဖော်ပြသည်။
- အစ္စရေး-ဟစ်ဘိုလာ ၃၄ ရက်ကြာ တိုက်ခိုက်မှုတွင် နေအိမ်များ ပျက်စီး ဆုံးရှုံးခဲ့ရာ ဒေသခံ တစ်သိန်းခွဲခန့် အိုးမဲ့အိမ်မဲ့ ဖြစ်လျက်ရှိသည်။ မကြာမီ ဆောင်းဥတု ရောက်ရှိတော့မည်ဖြစ်ရာ ဒေသခံများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။
- **တရုတ်နိုင်ငံ၏ ဆက်သွယ်ရေး ဒုံး ပျံ လောင်း မတ် ၃-အေကို စီချန် ဒုံးပျံလွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်သည်။ ထိုဒုံးပျံသည် တရုတ်နိုင်ငံလုပ် ဒုံးပျံဖြစ်ပြီး ဆက်သွယ်ရေး လုပ်ငန်းများကို ပိုမိုလျင် မြန် စွာ ဆောင်ရွက်နိုင်ရန် ကျုံကျင်း ၂၂ အေဂြိုဟ်တု တစ်လုံးကို သယ်ဆောင်သွားသည်။**



**စက်တင်ဘာ ၁၄**

- ရုရှားအာကာသဒုံးပျံယာဉ်ဖြင့် လာမည့်နှစ်တွင်လိုက်ပါမည့် မလေးရှားအာကာသယာဉ်မှူးနေရာအတွက် မလေးရှားနိုင်ငံသား ၁၂၀၀၀ခန့်က လျှောက်လွှာတင်ထားခဲ့ရာ အမျိုးသား၊ အမျိုးသမီးရ၉၄ဦးကို ပထမအကြိမ်ရွေးချယ်ကာ ဆေးစစ်မည်ဖြစ်သည်။ အဆင့်ဆင့်ရွေးချယ်ပြီး **နောက်ဆုံးတစ်ဦးကိုသာ ရွေးချယ်ကာ အာကာသယာဉ်မှူး သတ်မှတ်မည်ဖြစ်သည်။** ထိုအာကာသယာဉ်မှူးသည် ငွေကုန်စရာမလိုဘဲ အာကာသသို့ လိုက်ပါနိုင်မည်ဖြစ်သည်။
- **ဒူဘိုင်းတွင် ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံတော့မည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံက** ကြေညာသည်။ ကုန်သွယ်ရေး၊ နည်းပညာနှင့် လေကြောင်း သွားလာမှုတို့တွင် ငါးဘီလီယံကျော်ကို ပထမအဆင့်အနေဖြင့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ရာ ကူဝိတ်နိုင်ငံအနေဖြင့် ပြည်ပတွင် ပမာဏအများဆုံး ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်းသိရသည်။
- အိန္ဒိယနိုင်ငံသည် ပြည်တွင်းသို့ ယခုလဆန်းပိုင်းက ဂျုံတင်သွင်းမှု အမေရိကန်ဒေါ်လာ ၃၈၂သန်းဖိုး ရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် ဂျုံအများဆုံးဝယ်ယူသည့်နိုင်ငံ ဖြစ်လာကြောင်း **အိန္ဒိယမီဒီယာများက ဖော်ပြသည်။**

**စက်တင်ဘာ ၁၅**

- တောင်အာဖရိကနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်ငါးဦးလျှင် တစ်ဦးမှာ အိတ်ချ်အိုင်ဗွီပိုးရပ်စ်ပိုးကူးစက်ခံနေရသူများဖြစ်နေကြောင်း ကိတ်(ပ်)တောင်းမြို့ ပြည်သူ့ကျန်းမာရေးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။
- အိန္ဒိယနိုင်ငံက လိုက်ဘေးရီးယားနိုင်ငံသို့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယအမျိုးသမီးရဲတပ်ဖွဲ့ဝင်၁၂၅ဦးကို စေလွှတ်ရေး ပြင်ဆင်လျက်ရှိရာ ကမ္ဘာပေါ်တွင် ပထမဆုံးအမျိုးသမီးတပ်ဖွဲ့ဝင်များ စေလွှတ်သည့်နိုင်ငံပင်ဖြစ်သည်။
- အာဖရိကတွင် ငှက်ဖျားရောဂါကြောင့် နှစ်စဉ်ကလေးငယ်ပေါင်း ရှစ်သိန်းခန့်သေဆုံးလျက်ရှိရာ ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုအများဆုံးဒေသဖြစ်နေကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

**စက်တင်ဘာ ၁၆**

- နိုင်ငံတကာအာကာသယာဉ်စခန်းတွင် ရောက်ရှိနေသော အတ္တလန်တစ်အာကာသလွန်းပြန်ယာဉ်**သည် စက်တင်ဘာ၁၈ရက်တွင် ကမ္ဘာမြေပြင်စခန်းသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း** နာဆာမှ သတင်းထုတ်ပြန်သည်။
- ရုရှားဆိုယုဇ် တီအမ်အေ-၉ အာကာသယာဉ်ကို ကာဇက်စတန်ရှိ ဘေကိုနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှနေ၍ စက်တင်ဘာ၁၈ရက်၌ အာကာသသို့ လွှတ်တင်ရန် စီစဉ်ထားကြောင်း ရုရှားနိုင်ငံမှ သတင်းထုတ်ပြန်သည်။

**စက်တင်ဘာ ၁၇**

- တရုတ်နိုင်ငံတွင် တရားမဝင်စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီချပ်များကို သိမ်းဆည်းခဲ့ပြီး ဖျက်ဆီးလိုက်သော **စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီအချပ်ပေါင်းမှာ တစ်သန်းကျော်ရှိကြောင်း၊ ယင်းအရေအတွက်သည်** သုံးလအတွင်းသိမ်းဆည်းရမိခြင်းဖြစ်ကြောင်း သိရသည်။
- **ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် ၂၀၀၇ ခုနှစ်တွင် ဂျီဒီပီ ၈ ဒသမ ၈ ရာ ခိုင် နှုန်း အထိ ရှိလာမည် ဖြစ်ကြောင်းကမ္ဘာ့ ကုန် သွယ် ရေး အဖွဲ့ (ဒဗလျူတီအို)မှ ထုတ်ပြန် သော အစီရင်ခံ စာတစ်ရပ်၌ ဖော် ပြသည်။**

(အင်တာနက်)



---

### ❐ ကျောဖုံးမှ

**စက်ရုံများ၊ စက်ရုံပတ်ဝန်းကျင်တွင် နေထိုင်သူများ၌ စက်ရုံမှ ထွက်သော မီးခိုးများကြောင့် ပိုမိုဖြစ်ပွားတတ်ကြောင်းတွေ့ရှိကြရာ ရောဂါမဖြစ်ပွားအောင် သို့မဟုတ် လျော့ကျစေရန် ထိုသို့သော ပတ်ဝန်းကျင်တွင် မနေထိုင်သင့်ကြောင်း၊ သို့မဟုတ်ပါက ဗီတာမင်ဒီ သောက်သုံးသော်လည်း ထူးခြားမည်မဟုတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။**

**ယခင်က ဗီတာမင် ဒီသည် ကင်ဆာဆဲလ်များကို ဟန့်တားရာ၌ သာ ကူညီမှုပြုနိုင်ကြောင်း သိရှိထားခဲ့သော်လည်း လက်တွေ့ စမ်းသပ် သုတေသန ပြုချက်များအရ လူ ၁၂၀၀၀၀ကို စစ်ဆေးသုတေသနပြုခဲ့ရာ ဗီတာမင်ဒီကို ညွှန်ကြားချက်အတိုင်းသောက်သုံးပါက ပန်ကရိယ ကင်ဆာဖြစ်ပွားမှုကို ၄၃ရာခိုင်နှုန်း လျော့ကျနိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။**

(အင်တာနက်)

### ■ ကျောဖုံးမှ

**ထိန်းသိမ်းနိုင်**

ထို့အပြင် ဆီးချိုဝေဒနာရှင်များသည် ဆေးဝါးသုံးစွဲမှု လွဲမှားစွာပြုလုပ်နေကြကြောင်း၊ ဆီးချိုဝေဒနာရှင် ခုနစ်ဦးလျှင် တစ်ဦးခန့်သာ မိမိ၏ ကိုယ်ခန္ဓာအတွင်းရှိ သကြားဓာတ်ကို ထိန်းချုပ်နိုင်စွမ်းရှိကြောင်းလည်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကိုယ်ခန္ဓာအတွင်း သကြားဓာတ်များပြားနေမှုကို လျော့ကျစေရန် ဆေးထိုးပြီး ကုသမှုမှာ ကောင်းမွန်သော်လည်း မိမိတို့ကိုယ်တိုင်က အစားအသောက် အနေအထိုင် ဆင်ခြင်ရန် အရေးကြီးကြောင်း၊ တချို့သော ထိုးဆေးနှင့်သောက်ဆေးများမှာ ဝေဒနာရှင်အတွက် ငွေကုန်များပြားကာ လက်တွေ့၌ အကျိုးသက်ရောက်မှု မရှိကြောင်းလည်း ကနေဒါမှ သုတေသနပညာရှင်က ပြောကြားသည်ဟု သိရသည်။

**ဆိုးကျိုးများဖြစ်ပေါ်**

ဆီးချိုဝေဒနာရှင် ၅၂၆၉ ဦးကို သုံးနှစ်အတွင်း သုတေသနပြုခဲ့ရာ ဆေးထိုး၊ ဆေးသောက်ခြင်းများ ပြုလုပ်နေသော်လည်း အနေအထိုင်အစားအသောက် မဆင်ခြင်မှုကြောင့် ဆီးချို ရောဂါဖြစ်ပွားမှု မလျော့ကျသည့်အပြင် ဆိုးကျိုးများဖြစ်ပေါ်လျက်ရှိသည့် ဝေဒနာရှင်များက ၆၅၈ဦးခန့် ရှိနေကြောင်း ၎င်းသုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

**(အင်တာနက်)**

---

### မြန်မာ့ရုပ်မြင်သံကြား

**၁၈-၉-၂၀၀၆ ရက်**
**(တနင်္လာနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၀၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Grammar made Easy |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) [ရုက္ခဗေဒ] |
| ၁၆း၄၅ | ၄။ | အကပဒေသာ |
| ၁၆း၅၅ | ၅။ | မြန်မာစာ မြန်မာစကား |
| ၁၇း၀၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ |
| ၁၇း၂၀ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၁၇း၃၅ | ၈။ | **"မျှော်သူ မမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်) |
| ၁၇း၄၅ | ၉။ | **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသမီး)** |
| ၁၈း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၂။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၉) |
| ၁၉း၀၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း-၁) |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း-၅) |

### ရွှေဘုန်းပွင့်စေတီလမ်း ကျောက်ခင်းရန် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

လှည်းကူးမြို့မှ ကံ့ကော်ကျွန်း တောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာန ဘုရားများနှင့် ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီကုန်းမြေအရောက် နှစ်မိုင်ရှိသော မြေသားလမ်းကို ကျောက်ခင်းရန်အတွက် ကိုဌေးလွင်-မလဲ့လဲ့ဝင်း စခန်းကြီး လှည်းကူးက ကျပ် ၁၅၀၀၀၊ ကိုလှခိုင်-မဝင်းဝင်းခိုင် စခန်းကြီး လှည်းကူးက ကျပ် ၁၅၀၀၀၊ ကိုလှမျိုး-မအေးသောင်း စခန်းကြီး လှည်းကူးက ကျပ် ၁၅၀၀၀၊ ဒေါ်အေးမွန်စိုး၏ မွေးနေ့အလှူ ရန်ကုန်မြို့က ကျပ် ၃၃၀၀၀၊ ဦးတင်မြင့်-ဒေါ်ကြည်ကြည်ဝင်း မှန်ကုန်း လှည်းကူးက ကျပ် ၂၅၀၀၀၀ တို့ကို ပဓာန နာယက ဆရာတော်ထံ လာရောက်လှူဒါန်းကြသည်။ အလှူရှင်များသည် ဦးအုံ့ကူး ၀၉၅၀၀၁၀၈၀၊ ၅၄၂၀၇၉၊ ဦးစောမောင်-ဒေါ်လှလှ ဖုန်း-၆၂၉၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## ✻ ရှေ့ဖုံးမှ

အစည်းအဝေးတွင် သဘာပတိအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်က ဆောင်ရွက်ကြသည်။

### ကျင်းပမည်

ရှေးဦးစွာ သဘာပတိ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်ထွန်းရေးအတွက် နိုင်ငံတော်သည် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်မှာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ပြန်လည်ခေါ်ယူကျင်းပခဲ့ရာ သုံးကြိမ်မြောက် ခေါ်ယူကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခု အောက်တိုဘာ ၁၀ရက်တွင် အမျိုးသားညီလာခံကို ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပတော့မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ လုပ်ငန်းကော်မတီအစည်းအဝေးခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် အမျိုးသားညီလာခံတွင် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ၃၁ရက် အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့ တင်ပြထားသော အကြံပြုစာတမ်းများအပေါ် အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြရန်ရှိကြောင်း၊ ထို့အပြင် ပြီးခဲ့သည့် အမျိုးသားညီလာခံ၌ ဆွေးနွေးခဲ့သည့် လွှတ်တော်အသီးသီး၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးကိစ္စများလည်း ပါရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျန်ရှိသောအခန်းအချို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီက ရှင်းလင်းပြောကြားရန်များလည်း ရှိမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စများကို ဆောင်ရွက်ရာမှာ လုပ်ငန်းကော်မတီဝင်များအနေဖြင့်နိုင်ငံအကျိုး၊ ပြည်သူတစ်ရပ်လုံးအကျိုးရှေးရှုကာ ရေရှည်တည်တံ့ပြီး ခိုင်မာသည့်အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက်ကြိုးပမ်းပြီး ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းကော်မတီက ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။

### ဆွေးနွေးအကြံပြု

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များက အကြံပြုရန်ရှိသည်များကို ဆွေးနွေးအကြံပြုကြပြီး သဘာပတိလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ခေါင်းဆောင်သောအဖွဲ့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းဇော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပမည့် (၆)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

### လိုက်ပါ

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာချုပ်များ ဖြစ်ကြသော ဦးတင့်လွင်နှင့် ဦးဇော်တင့်တို့လည်း လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

## မြန်အောင်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်အောင်မြို့ပေါ်ရှိ ဘုရားများ ထိန်းသိမ်းခြင်း၊ သံဃာများနှင့်သီလရှင်များအား ဝါတွင်းဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့အတွက် အလှူငွေပေးအပ် လှူဒါန်းပွဲနှင့် ၂၀၀၅-၂၀၀၆ ခုနှစ်တို့၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ရာ ဦးအေးကိုကို ဖုန်း-၅၆၆၆၈၇ ၊ဒုတိယဗိုလ်မှူးကြီး သန်းအောင် ဖုန်း-၂၉၇၅၄၀၊ ဦးစိုးဝင်း ဖုန်း-၅၆၆၅၄၆ နှင့် ဦးလှမြင့် ဖုန်း-၇၀၄၄၆၁ တို့သို့ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**



## ၁၀ရက်တရားစခန်း ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ ဓမ္မဇောတိရိပ်သာ ကမ္ဘာ့ဝိပဿနာ သာသနာပြုမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးဂိုအင်ကာ၏ ဝိပဿနာ၁၀ရက်တရားစခန်း၊ ရင်သွေးငယ်များ အာနာပါနသင်တန်းနှင့် ရှင်သာမဏေများအတွက် အာနာပါနသင်တန်းများကို ရခိုင်ပြည်နယ်၌ ဖွင့်လှစ်မည်ဖြစ်သည်။

စစ်တွေမြို့ ရွှေစေတီကျောင်း၌ စက်တင်ဘာ၃၀ရက်နှင့် အောက်တိုဘာ၁ရက်တွင် ကလေးနှင့်ရှင်သာမဏေ အာနာပါနသင်တန်းကိုလည်းကောင်း၊ အောက်တိုဘာ၄ရက်နှင့်၅ရက်တွင် မြောက်ဦးမြို့ အထက(၁)၌ ကလေး အာနာပါနသင်တန်းကိုလည်းကောင်း၊ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်များတွင် မင်းပြားမြို့ သာသနာ့အလင်းရောင်ကျောင်း မြို့မမြောက်ကျောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကလေးအာနာပါနသင်တန်းကိုလည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်၊ ၁၁ရက်များတွင် အထက(၂) အမ်းမြို့တွင် ကလေးအာနာပါနသင်တန်းများကိုလည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။

အောက်တိုဘာ၁၆ ရက်မှစတင်၍ စစ်တွေမြို့ အဝေးပြေး ကားဂိတ်အနီး စိတ္တာသုခ ကမ္မဋ္ဌာန်းကျောင်းတွင် လူကြီး ဝိပဿနာ ၁၀ရက် တရားစခန်းများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

# ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော အထူးလေ့လာသူအဖွဲ့ ဖိလစ်ပိုင်မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ စက်တင်ဘာ ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံ ပါလီမန်များအဖွဲ့(အိုင်ပို) လုပ်ငန်းကော်မတီနှင့် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး အဖွဲ့ဝင်အဖြစ် ပါဝင်သည့် မြန်မာနိုင်ငံမှ အထူးလေ့လာသူ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

### ကြိုဆိုနှုတ်ဆက်

အဆိုပါ မြန်မာနိုင်ငံမှ အထူးလေ့လာသူ ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်နှင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်တို့မှဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့် ဆက်သွယ်ရေးနှင့်အီလက်ထရွန်နစ်ပြပွဲမှပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော်၌ စက်တင်ဘာ ၁၃ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့သည့် ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်း ခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဉာဏ်ဝင်းလည်း ပြန်လည်လိုက်ပါလာသည်။ **(သတင်းစဉ်)**

## လိုလိမ်းအလှကုန်ပစ္စည်းဆိုင်သစ်ဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၇**

Grand Wynn Enterprises Ltd. က တတိယမြောက် Lolane Hair & Skin Care Beauty Centre (3) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Excel Treasure Shopping Mall၌ ကျင်းပရာ Managing Director ဦးလှဝင်း ကိုယ်စား Director ဦးစိန်ဝင်းက ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ General Manager ဦးအယ်လ်လမိန်းဒိန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Marketing Manager ဦးမိုးသူဆွေက Lolane Hair & Skin Care Beauty Centre ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံမှ ဆံကေသာ အလှပညာရှင်များက Model လေးများနှင့် တွဲဖက်၍ Lolane Hair & Skin Care Product များကို အသုံးပြုပြီး ဆံကေသာ ပြုပြင်ခြင်းနှင့် သုံးစွဲနည်းများကို Hair & Skin Care Demonstration Show & Model Show များဖြင့် သရုပ်ဖော်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဆက်သွယ်နိုင်

ဖွင့်ပွဲအထိမ်းအမှတ် အနေဖြင့် လိုလိမ်းအလှကုန်ပစ္စည်းများကို အထူးနှုန်းဖြင့် ရောင်းချပေးသွားမည့်အပြင် စက်တင်ဘာ ၁၆ရက်မှ အောက်တိုဘာ ၁၅ရက်အထိ ငွေကျပ် ၅၀၀၀ဖိုး ဝယ်ယူသူတိုင်းအား အခမဲ့ဆံပင်ညှပ်ခြင်း ငွေကျပ် ၂၀၀၀၀ ဖိုးအထက် ဝယ်ယူသူတိုင်းအား လိုလိမ်းချစ်သူအဖြစ်သတ်မှတ်ကာ Lolane Member Card (Silver) ဖြင့် ဆံပင်ညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ပေါင်းတင်ခြင်းများအနက်မှ ကြိုက်နှစ်သက်ရာကို ခြောက်ကြိမ် အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ နေ့စဉ် နံနက် ၁၀နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး Lolane Hair & Skin Care ကို ကိုယ်စားလှယ်ရယူဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Grand Wynn Enterprises Ltd. အမှတ် (၄၀) ၆၇လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၁၁၇၀ နှင့်၂၉၁၃၁၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အရပ်၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းမတော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၂၄၃အိတ် ၁၂ပြည်၊ ဆီ ၁၁၉ပိဿာ ၂၀ကျပ်သား၊ ပဲ ၁၂၃ ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၆၅၇ ပိဿာ ၅၀ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံ ဘူး၁၉၆၀၊ သွားတိုက်ဆား ၁၂၃ဘူး၊ ဆပ်ပြာ ၇၅၂တောင့်၊ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၆၂၀၃၀၅၀ နှင့် ပရိယတ္တိအလယ်ကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ် ၈၀၃၀၀၀ဖြစ်သည်။

**(သတင်းစဉ်)**

## ရွာရန်ရာနှုန်း ၈၀

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွှန့် ရပ်ကွက်နေ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ကြသူများ ဂုဏ်ပြုပွဲနှင့် ပညာသင်စရိတ် မတည်ငွေပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ၁၇ရက်က ပုသိမ်ညွန့် ၆လမ်း သဒ္ဓမ္မဇျောတိကာ မှော်ရုံ၌ ကျင်းပရာ အငြိမ်းစားပညာရေးမှူး ကျောင်းအုပ်ဆရာကြီး ဦးလှကျော်က ထူးချွန်စွာအောင်မြင်ကြသူများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(၂၅၉)



## မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၁၇

**လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။**

**စက်တင်ဘာ ၁၈ ရက်ညနေအထိခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာမည်ဖြစ်ကြောင်း သိရသည်။** (မြန်မာ့အလင်း)

## သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

**လမ်းလျှောက်ခြင်းသည်**

၁။ သွေးတိုးကျစေသည်။
၂။ စိတ်ပျော်ရွှင်ကျန်းမာစေသည်။
၃။ အရိုးများ ကြံ့ခိုင်သန်စွမ်းစေသည်။
၄။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။
၅။ ကြွက်သားများ သန်စွမ်းဖျတ်လတ်သည်။
၆။ သွေးတွင်းမှ အဆီကျစေသည်။
၇။ သွေးတွင်းမှ သကြားဓာတ်ကျစေသည်။
၈။ အသက်အရွယ်မရွေး လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။

ရောဂါဘယကင်းစင်၍ သက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်ခုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန။**

# ကျန်းမာဝန်းကျင်ကျောင်းတစ်ခွင် ခြင်အမှိုက်ရှင်း၊ ဆေးလိပ်ကင်း

**“ဘာတွေကိုဖုံးမယ် …သုံးရေသောက်ရေဖုံးမယ် …”**
**“ဘာတွေကိုသွန်မယ် …ရေဟောင်းတွေကိုသွန်မယ် …”**
**“ဘာတွေကိုခပ်မယ် …ပိုးလောက်လမ်းတွေခပ်မယ် …”**
**“ဘာတွေကိုစစ်မယ် …သုံးရေသောက်ရေစစ်မယ် …”**
**“ဖုံး၊ သွန်၊ ခပ်၊ စစ် …ခြင်နှိမ်နင်းရေးစနစ် …”**

လွန်ခဲ့သော ကျောင်းကျန်းမာရေးသီတင်းပတ် ကျောင်းဟောပြောပွဲတစ်ခုတွင် စာရေးသူနှင့်ကလေးများ ခြင်နှိမ်နင်းရေးကဗျာလေးတစ်ပုဒ်ကို စုပေါင်းရွတ်ဆိုနေကြခြင်းဖြစ်ပါသည်။ သံချပ်ထိုးသကဲ့သို့ အမူအရာလုပ်ကာ၊ လက်ခုပ်တီးကာ ရွတ်ဆိုကြသည်ဖြစ်၍ သူတို့အားလုံး ရယ်မော ပျော်ရွှင်ကြလေသည်။ ထိုကဗျာလေးကိုလည်း သူတို့တော်ရုံတန်ရုံနှင့် မေ့တော့မည်မထင်။

**“မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်”**ဆိုသော သီချင်းကလေးကိုမူ ကလေးများအားလုံး ရကြသည်။ သူတို့၏ တီတီတာတာ သီဆိုသံများမှာ ချစ်စရာကောင်းလှပါသည်။ “ဖေဖေလာရင် အုန်းသီးခွဲစားမယ်ဆိုတော့ သားတို့သမီးတို့က အုန်းသီးကြိုက်ကြလို့လား”ဟုမေးရာ “ကြိုက်ပါတယ်”ဟု သံပြိုင်ဖြေကြသည်။ “ကြိုက်တဲ့သူ လက်ညှိုးထောင်”ဟုပြောရာ အားလုံးလက်ညှိုးထောင်ကြသည်။

ဤသီချင်းကလေးဖြင့် အစပျိုးကာ “စင်စင်မဆေးလျှင် လက်မစင်၊ အစားအစာ မစင်ကြောင်း၊ မစင်ဘဲစားလျှင် မစင်စားသူများဖြစ်ကြောင်း၊” လက်သည်းကြားတွင် ချေးရှိလျက်နှင့် အစာစားသူကို “ကိုယ်ယိုတာကိုယ်စား”၊ ယင်နားစာ စားသူကို “သူယိုတာကိုယ်စား”ဟုနာမည်လှလှလေးပေးလိုကြောင်း ဟာသနှော၍ ပြောကာ အမှိုက်နှင့် ယင်အကြောင်း အမြင်ချင်းညှိကာ အသိချင်းဖလှယ်ကြပြန်သည်။



**မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၅)ကျောင်းဝင်းအတွင်း အပြင်တွင် မြို့နယ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကျောင်းသား ကျောင်းသူများ ဤသို့ ခြင်ဆေးဖျန်းခြင်း စုပေါင်းဆောင်ရွက်ခဲ့ကြသည်။**

ဆက်လက်၍ မြန်မာစကားတွင် “မသိ–မသာ”ဟု ရှိကြောင်း၊ မသိသူတွေ၏ ဘဝသည် မသာယာနိုင်ကြောင်း၊ ဥပမာအားဖြင့် “သေရည်သေရက်”ဆိုသော ဝေါဟာရကို ရှင်းပြလိုကြောင်း၊ အသက်သေတတ်သော အရည်၊ ဘဝသေတတ်သောအရည်ဖြစ်၍ “သေရည်” ဟု ခေါ်ကြောင်း၊ “သေရည်သောက်လျှင် သေရက်ကို နီးသောကြောင့် သေရည်သေရက်ဟု ခေါ်ကြောင်း”၊ အဓိပ္ပာယ်ဖွင့်ဆိုပြကာ အစပျိုး၍ နိုင်ငံ့ရင်သွေးများ မူးယစ်ဆေးဝါးရှောင်ကြဉ်ရေး အကြံပေးဆွေးနွေးခဲ့ပါသည်။ ဤသို့ဖြင့် ကလေးများနှင့်အတူ အယူအဆဖလှယ်သော ကျန်းမာရေး ဟောပြောပွဲလေးတစ်ခု အောင်မြင်ခဲ့ပါသည်။

စာရေးသူသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် လူမှုကရုဏာလုပ်ငန်းများဖြင့် ပျော်ပိုက်နေသော်လည်း ၂၅နှစ်တိုင် ကျင်လည်ခဲ့သည့် မူလတန်းပြဆရာ ဘဝကို မမေ့နိုင်ခဲ့ပါ။ ကျေးလက်တောရွာနှင့် မြို့ကြီးပြကြီး တာဝန်ကျရာနေရာတိုင်းတွင် ကျောင်းကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ အပြိုင်အဆိုင် ဆောင်ရွက်ခဲ့ကြသည်ကို ပြန်ပြောင်းတသ သတိရမိပါသည်။

နိုင်ငံတော်အလံနှင့် ဘက်စုံပညာ ဖွံ့ဖြိုးရေးရောင်စုံအလံများ တလူလူလွင့်နေသော ခံ့ညားသည့်ကျောင်းအဝင်မုခ်ဦးကြီး၊ “စိတ်ဓာတ်ခိုင်မာ၊ ပညာပြည့်ဝ၊ နှလုံးလှရေး ပျိုးထောင်ပေးအံ့”၊ “ဂရုတစိုက်၊ ရင်ခွင်ပိုက်ကာ၊ ပညာရေးအေး နို့ချိုကျွေးအံ့”ဆိုသော နှစ်ဆောင်ပြိုင်ကျောင်းဆင်ဝင်ပေါ်မှ ပညာရေးဆောင်ပုဒ်ကြီးများ၊ “မိမိကျောင်း လှပရမည်၊ သန့်ရှင်းရမည်၊ စည်းကမ်းရှိရမည်”၊ “မိမိကျောင်း အရည်အသွေးမြင့်ရမည်၊ ပညာရည် ထူးချွန်ရမည်၊ “အမျိုးသား ကျန်းမာရေးအစစာသင်ကျောင်းက”၊ “စည်းကမ်းစနစ်အစ စာသင်ခန်းက” ဆိုသော ပညာရေး ရည်မှန်းချက် ဆောင်ပုဒ်များ၊ ကျောင်းတွင်း အာဟာရဥယျာဉ်၊ တိုင်းရင်းဆေးစိုက်ခင်း၊ ဘက်စုံပညာ ဖွံ့ဖြိုးတိုးတက်မှု ပြခန်းများ၊ စံပြစာသင်ခန်းများ၊ Multi-Media စာသင်ခန်း၊ ပညာရတနာခန်းမကြီး၊ မြက်ခင်းများနှင့် ကလေးကစားကွင်းတို့သည် မမေ့နိုင်သော ပညာရေးဘဝမြင်ကွင်းများ ဖြစ်ပါသည်။

## သန့်စင်လတ် (ပညာရေး)

ထို့အတူ“ဘက်စုံလည်းကျော် စာလည်းတော် ရွှင်ပျော်ဖို့ကောင်းငါတို့ကျောင်း”၊ “မူးယစ်ဆေးဝါး မလိုလား ဟန့်တားရှုတ်ချဆန့်ကျင်ကြ”၊ “အားလုံးဆောင်ရွက် အားလုံးတွက် တွဲလက်စိတ်ဝမ်း ညီစတမ်း”၊ “ထမင်းဘူးမူ တို့လွယ်ကူ၊ ညီတူဝေမျှ စားသောက်ကြ”၊ “ဆိုးဆေး၊ ဆေးသကြား၊ ဓာတုဆေးဝါး၊ ရှောင်ရှား အာဟာရ စားသုံးကြ”၊ “စင်ကြယ်သောလက် ဝမ်းမပျက်၊ လက်စင်စင်ဆေး ရောဂါဝေး”၊ “အမှိုက်မချ မကောက်ရ၊ အမှိုက်ပုံးမှာ စွန့်ပစ်ကြ”၊ “အိမ်သာသန့်မှ စိတ်ချမ်းမြ၊ ပြုကြသန့်ရှင်း ရောဂါကင်း” ဆိုသော ဘက်စုံပညာဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး ဆောင်ပုဒ်ကလေးများကိုလည်း သတိတရ ရှိလှပါသည်။

**အနာဂတ် အညွန့်အဖူး၊ ပန်းထူးပန်းငုံလေးများ ဘဝလှပစိုပြည် လန်းဆန်းနေစေရန် ဟိုယခင် ဆယ်စုနှစ်များစွာကပင် ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ တက်ညီလက်ညီ ထူးချွန်ထူးခြား ကြိုးစားခဲ့ကြပါသည်။ ယခုကာလတွင်လည်း တစ်ဆင့်တက်တစ်ဆင့် မြင့်သည်ထက်မြင့်ကာ ဘက်စုံပညာထူးချွန်ကျောင်းများ၊ “ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများ” ထွန်းကားလာချေပြီ။ ယင်းတို့သည် စာသင်သားကလေးများအတွက် အထူးလိုအပ်ချက်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ထောက်ခံအပ်ပါသည်။ နိုင်ငံလုံးအနှံ့ ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ရေးအတွက်လည်း ပညာရေးမိသားစုတစ်ရပ်လုံးအား တိုက်တွန်းလိုပါသည်။**

ကလေးများ အေးချမ်းပျော်ရွှင် အောင်မြင်တိုးတက်ရေးအတွက် “ရေသန့်၊ လေသန့်၊ လက်သန့်၊ အစာသန့်၊ အိမ်သာသန့်သော” ကျန်းမာသော ပတ်ဝန်းကျင်သည် အထူးလိုအပ်ချက်၊ အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် အမှိုက်ကင်းစင်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရပါမည်။ သို့မှသာ ယင်ကောင်တို့ ပျော်စံရာ ပုပ်ပေ့ သိုးပေ့၊ အသေကောင်မျိုးစုံ၊ အမှိုက်ဆွေး၊ အစာဟောင်းတို့ ကင်းစင် နိုင်ပါမည်။

ကမ္ဘာပေါ်တွင် ယင်ကောင်အမျိုးအစားပေါင်း ၈၅၀၀၀ခန့် ရှိသည်။ ယင်မတစ်ကောင်သည် ၁၅ရက်မှ တစ်လအတွင်း အကောင်ပေါင်း ၅၅၉၈၇၂၀၀၀ ပေါက်ပွားနိုင်သည်။ ယင်တစ်ကောင်၏ မျက်လုံးတွင် ခြောက်မြောင့်မှန်ဘီလူးပေါင်း၄၀၀၀ခန့်ရှိ၍ တက်ကြွသည့်ဦးနှောက်ဆဲလ်တစ်သိန်းရှိသည်။ ထို့ကြောင့် အလွန်လျင်မြန်သည်။ မုန်ညင်းစေ့အရွယ်လူ့မစင်တစ်ဂရစ်တွင် ဗိုင်းရပ်စ်ပိုးပေါင်းတစ်သန်းနှင့် ကပ်ပါးပိုးထောင်ချီ၍ ရှိရာ အညစ်အကြေးများစွာ သယ်နိုင်စွမ်းရှိသည့် ယင်ကိုနှိမ်နင်းရေးအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်သရိုက်ကင်းစင်ရေးမှာ အထူးအရေးကြီးပါသည်။ သို့မှသာ ယင်ကြောင့်ဖြစ်ပေါ်ရသော အူရောင်ငန်းဖျား(တိုက်ဖွိုက်)၊ ဝမ်းကိုက်၊ အသည်းရောင်အသားဝါ၊ မျက်ခမ်းစပ်၊ ကာလဝမ်း၊ အဆုတ်နာ၊ ဝမ်းပျက်ဝမ်းလျှော၊ မျက်ခွံကြာဆူး၊ ဘာလီဘယ်လီ(Bali Belly)ရောဂါဘေး ကင်းဝေးကြမည်ဖြစ်ပါသည်။

တစ်ဖန် ခြင်မသည် ယင်မထက် မျိုးဆက်ပွား အားကောင်းသည်။ တစ်နှစ်အတွင်း ခြင်မတစ်ကောင်မှ ခြင်ကောင်ရေ ၁၅၉၈၅၇၀၀၀၀၀၀ ပေါက်ပွားနိုင်သည်။ အေးဒီးစ်ခြင်ပုန်း ခြင်ကျားအမကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ အနိုဖလိ ခြင်မကြောင့် ငှက်ဖျား၊ အသားဝါ၊ ဘေလုံးကြီးရောဂါများ၊ ကျူးလက် ခြင်မကြောင့် ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါများ ဖြစ်ပွားနိုင်သည်။ ခြင်အန္တရာယ်ကိုလည်း လျှော့တွက်၍ မရနိုင်သောကြောင့် မလွဲမသွေ နှိမ်နင်းရမည်ဖြစ်ပါသည်။

လူငယ်သည် အတုမြင် အတတ်သင် တတ်သူများဖြစ်ပေရာ အရာရာကို စူးစမ်းလိုစိတ်ဖြင့် လက်တည့်စမ်းတတ်ကြသည်။ သူတို့ လက်တည့်မစမ်းမီ လက်ဦးမှုကိုရယူကာ “ဆေးကိုလိပ်ထားသော ဆေးလိပ်”မဟုတ်ဘဲ အဆိပ်ကိုလိပ်ထားသော“ဆိပ်လိပ်”သာဖြစ်ကြောင်း၊ ဆေးလိပ်ငွေ့ တစ်ဖွာတွင် အန္တရာယ်ဖြစ်စေသည့် နီကိုတင်းအဆိပ်အပါအဝင် ဓာတ်ဆိုးပေါင်း၄၀၀၀ပါဝင်ကြောင်း၊ လူသားရှိ သွေးကြောမိုင်ပေါင်း ၇၅၀၀၀မှာ စီးကရက်တစ်လိပ်ကုန်အောင် သောက်တိုင်း တစ်ရာ့ငါးမိနစ်မျှ သွေးကြောများကျဉ်းသွားကြောင်း၊ တစ်နေကုန် သောက်က တစ်နေကုန် သွေးကြောများကျဉ်းသွားကြောင်း၊ ဆေးလိပ်ကြောင့် သွေးကြောကျဉ်း၊ ကင်ဆာ၊ အဆုတ်ပွ၊ နှလုံး၊ လေဖြတ်၊ သွေးတိုး၊ သားလျှော အပါအဝင် ရောဂါ၂၅မျိုးဖြစ်နိုင်ကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် မိမိကိုယ်ကို တဖြည်းဖြည်းအဆုံးစီရင်ခြင်းဖြစ်ကြောင်း ကြိုတင်ဆွေးနွေး ပညာပေးသင့်ပါသည်။

အထက်ပါအချက်အလက်များကို ဖတ်ရှုလေ့လာခြင်းဖြင့် အမှိုက်၊ ခြင်နှင့် ဆေးလိပ်ကင်းစင်သော ကျောင်းများထူထောင်ခြင်း၏ တန်ဖိုးကိုလည်းကောင်း၊ နိုင်ငံ့သားကောင်း လူငယ်လူရွယ်အပေါင်းတို့အတွက် အနာဂတ်ရေးကြိုတင်ပြင်ဆင်မှု အမျိုးသားရေး လုပ်ငန်း၏ လေးနက်မှုကိုလည်းကောင်း မျှော်တွေးတွက်ဆဆောင်ရွက်နေကြခြင်းကို ဂုဏ်ပြုချီးကျူးရေးသားတင်ပြလိုက်ရပါသည်။ ။

အနာဂတ် အညွန့်အဖူး၊ ပန်းထူးပန်းငုံလေးများ ဘဝလှပစိုပြည် လန်းဆန်းနေစေရန် ဟိုယခင် ဆယ်စုနှစ်များစွာကပင် ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ တက်ညီလက်ညီ ထူးချွန်ထူးခြား ကြိုးစားခဲ့ကြ။ ယခုကာလတွင်လည်း တစ်ဆင့်တက်တစ်ဆင့် မြင့်သည်ထက်မြင့်ကာ ဘက်စုံပညာထူးချွန်ကျောင်းများ၊ “ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများ” ထွန်းကားလာချေပြီ။ ယင်းတို့သည် စာသင်သားကလေးများအတွက် အထူးလိုအပ်ချက်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ထောက်ခံ။ နိုင်ငံလုံး အနှံ့ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ရေးအတွက်လည်း ပညာရေးမိသားစု တစ်ရပ်လုံးအား တိုက်တွန်းလို။

# ကမ္ဘာတစ်လွှား အားကစား

## ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်နှင့်ဝါဒါဘရီမင်ရှုံးပွဲကြုံ

ရေးသားတင်ပြသူ
**မြင့်မောင်စိုး**

မြူးနစ် စက်တင်ဘာ ၁၇

**ဂျာမန် ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၄) ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် အဝေးကွင်း၌ ဘီလီဖီးလ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။**

ထို့အတူ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်အသင်း ဝါဒါဘရီမင်အသင်းသည်လည်း အိမ်ကွင်း၌ စတုဂတ်အသင်းကို နှစ်ဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

### ဘီလီဖီးလ်–ဘိုင်ယန်မြူးနစ်

ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဘီလီဖီးလ်ကို ရှုံးနိမ့်ခြင်းမှာ ပထမဆုံးသော အရှုံးပွဲဖြစ်သည်။

ဘိုင်ယန်မြူးနစ်တို့ အရှုံးပွဲဖြင့် ပထမဆုံးကြုံတွေ့ရသော်လည်း ပွဲစပြီး ခြောက်မိနစ်အတွင်းမှာပင် ဇန်ဘွမ်မဲလ်က ဘိုင်ယန်မြူးနစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၂၅ မိနစ်တွင် ဝှစ်နီးယားရက်ခ်က အိမ်ရှင် ဘီလီဖီးလ် အသင်းအတွက် ချေပဂိုးသွင်းပေးနိုင်ခဲ့သည်။

### အနိုင်ဂိုး

ဘိုင်ယန်မြူးနစ်အသင်းသည် အနိုင်ဂိုးသွင်းနိုင်ရေးအတွက် ဖီးလစ်လမ်း၊ အိုဝင်ဟားဂရေ့ဗ်၊ ပိုဒေါစကီးတို့ ပါဝင်ကစားသော်လည်း ပွဲချိန် ၈၃ မိနစ်တွင် ဂျိုနက်ကမ်ပါက ဘီလီဖီးလ်အသင်းအတွက် အလွတ်တည်ကန်ဘောမှတစ်ဆင့် အနိုင်ဂိုးသွင်းယူသွားသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲအစတွင် ထိန်းကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ပီဇာရိုက ဆန်တာခရုဇ်ထံ လှလှပပ ဂိုးသွင်းခွင့်တစ်ကြိမ် ဖန်တီးပေးခဲ့သော်လည်း ဂိုးသမား ဟိန်း ကာကွယ်ပေးနိုင်ခဲ့သည်။



ဘီလီဖီးလ်မှ မားကွတ်ဘောမန်း(ယာ)နှင့် ဘိုင်ယန်မြူးနစ်ကစားသမား ပီဇာရိုတို့ ဤသို့ အပြိုင်ခေါင်းခုန်တိုက်ခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)



စတုဂတ်အသင်းမှ မာရီယိုဂိုမက်ဇ်က ဝါဒါဘရီမင်အသင်းဘက်သို့ ဤသို့ အနိုင်ဂိုး သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

### အကြိမ်ကြိမ်

ရှဝိန်းစတိုင်ဂါလ်နှင့် လူစီယိုတို့အတွဲသည် ဘီလီဖီးလ် နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ခဲ့သော်လည်း ဂိုးရအောင် မသွင်းနိုင်ခဲ့ပေ။

ပွဲချိန် ၂၄ မိနစ်တွင် ဘီလီဖီးလ်ကစားသမား ဂျော့ချ် ဘိုမီယာတောင်ပံမှ အလွတ်တည်ကန်ဘော ကန်သွင်းရာမှ ဝှစ်နီယားရက်ခ် လှလှပပ ခေါင်းတိုက်သွင်းယူလိုက်သဖြင့် ဘီလီဖီးလ်တို့ ချေပဂိုးစတင်ရရှိခဲ့သည်။

ယင်းဂိုးဖြင့် ဘီလီဖီးလ်တို့ တိုက်စစ်ကို အရှိန်မြှင့်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် ဘိုင်ယန်မြူးနစ် ကစားသမား လူစီယိုက ဝှစ်နီယားရက်ခ်ကို ပြေးလမ်းကြောင်း ပိတ်ဆို့မှုဖြင့် ဒိုင်လူကြီးက ၂၅ ကိုက်အကွာမှ အလွတ်တည်ကန်ဘော ကန်ခွင့်ပေးလိုက်သည်။ ယင်း အလွတ်တည်ကန်ဘောကို ဒိန်းမတ်ကွင်းလယ်ကစားသမား ကမ်ပါက လှလှပပကန်သွင်းနိုင်ခဲ့သည်။

### ဝါဒါဘရီမင်–စတုဂတ်

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲ ပွဲစဉ် (၁)တွင် ချယ်လ်ဆီး အသင်းကို ရှုံးနိမ့်ခဲ့သော ဝါဒါဘရီမင်အသင်းသည် အိမ်ကွင်း၌ စတုဂတ်အသင်းကို အရှုံးဖြင့် ရင်ဆိုင်ရပြန်သည်။

ပွဲစပြီး လေးမိနစ်အတွင်းမှာပင် ဝါဒါဘရီမင်ကစားသမား ဟီလ်ဘတ်က ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ စတုဂတ်တို့ ဇွဲဆော်ဦး လက်ဆောင်ဂိုး စတင်ရရှိခဲ့သည်။ သို့သော်လည်း မိုဟာမက်ဇင်ဒန်းက ပွဲချိန် ၃၃ မိနစ်တွင် ဝါဒါဘရီမင်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် ဟီလ်ဘတ်က ဝါဒါဘရီမင် အတွက် ဒုတိယဂိုးသွင်းပေးနိုင်ခဲ့သည်။ ယင်းဂိုးကို ပါဒိုက စတုဂတ်အသင်းအတွက် ချေပဂိုးသွင်းခဲ့သဖြင့် တစ်ဖက် နှစ်ဂိုးစီဖြစ်နေချိန် ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် ဂိုမက်ဇ်က စတုဂတ်အသင်းအတွက် အနိုင်သွင်းပေးလိုက်၍ ပွဲအပြီး စတုဂတ်တို့ အဝေးကွင်း၌ ဝါဒါဘရီမင်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| အေချန် | ၄–၂ | ဂလက်ဘတ် |
| နုရင်ဘတ် | ၁–၁ | ဘိုချန် |
| ဒေါ့မွန် | ၁–၀ | ဟမ်းဘတ် |
| ကော့ဘတ် | ၂–၀ | မိန့်ဇ်။ |

(အင်တာနက်)

## အီတလီစီးရီးအေပွဲစဉ်(၂)ဆက်လက်ကစား အင်တာမီလန်တို့သရေပွဲဖြစ်ပြီး ရက်ဂျီးနားတို့နိုင်ပွဲရ

ရောမ စက်တင်ဘာ ၁၇

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂)ကို စက်တင်ဘာ ၁၆ရက်က ယှဉ်ပြိုင်ကစားရာ အင်တာမီလန်နှင့် ဆမ်ဒိုရီးယားတို့ တစ်ဂိုးစီသရေပွဲဖြစ်ပြီး ရက်ဂျီးနားနှင့် ကက်ဂလီယာရီတို့ပွဲတွင် ရက်ဂျီးနားက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### အင်တာမီလန်နှင့် ဆမ်ဒိုရီးယား

အင်တာမီလန်တို့ ပထမဆုံး သရေပွဲနှင့် ကြုံတွေ့လိုက်ရသည့်ပွဲဖြစ်သည်။ အီဘရာဟီမိုဗစ်နှင့် ခရက်စပိုတို့ တိုက်စစ်အတွဲကို ပွဲထုတ်ကစားပြီး အလယ်တန်းမှ ဗီယာရာ၊ စတန်ကိုဗစ်၊ ဂွန်ဇာလက်ဇ်နှင့် ဒါကော့တ်တို့ကို ထားကာ ကစားခဲ့သော်လည်း ပွဲချိန် ၄၇မိနစ်၌ဆမ်ဒိုရီးယားတို့ကပယ်နယ်တီဘောမှတစ်ဆင့် တိုက်စစ်မှူး ဖလက်ချီက ဂိုးသွင်းယူသွားခြင်းကို ခံခဲ့ရသည်။

အင်တာမီလန်တို့ ချေပဂိုးရရှိရေး အတွက် ကြိုးစားသော်လည်း မရခဲ့သဖြင့် ပွဲချိန် ၅၈မိနစ်တွင် ဂွန်ဇာလက်ဇ်အစား ဖီဂို၊ ပွဲချိန်၇၈မိနစ်တွင် စတန်ကိုဗစ်အစား အက်ဒရီယာနိုတို့ အစားထိုးကစားစေခဲ့ရာ မနားတမ်းတိုက်စစ်ဆင်နိုင်မှုကြောင့်ဆမ်ဒိုရီးယားမှမက်စီနိဘိုနာနိက ဘောလုံးဖျက်ထုတ်ရာ ကိုယ့်ဂိုး ကိုယ်သွင်းသလို ဖြစ်ခဲ့ရာမှ အင်တာမီလန်တို့ ချေပဂိုး ရရှိခဲ့ခြင်းဖြစ်ကာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရသည်။

### ရက်ဂျီးနားနှင့် ကက်ဂလီယာရီ

ရက်ဂျီးနားတို့ အိမ်ကွင်း၌ နိုင်ပွဲစတင်နိုင်ခဲ့ပြီဖြစ်သည်။ ၄–၅–၁ပုံစံဖြင့် ကစားသော ရက်ဂျီးနားသည် တိုက်စစ်မှူး ရိုလန်ဒိုဘင်ချီ တစ်ဦးတည်း အထောင်ထားကာ ထိုးဖောက်ကစားစေခဲ့သည်။ ရက်ဂျီးနားတို့က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကာ ကက်ဂလီယာရီ၏တိုက်စစ်ကို ဟန့်တားနိုင်ခဲ့ပြီး တိုက်စစ်ဆင်နိုင်မှုကြောင့် ပွဲချိန် ၅၁ မိနစ်တွင် ရက်ဂျီးနားမှ လူကာရယ်လီက တစ်ဂိုး၊ မိနစ် ၉၀ တွင် တိုက် စစ်မှူး ရိုလန်ဒိုဘင်ချီက တစ်ဂိုး သွင်းယူ နိုင်ခဲ့သည်။

ကက်ဂလီယာရီ၏ ချေပဂိုးကို ပွဲချိန် ၆၁မိနစ်တွင်ရရှိသော ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့်ကက်ဂလီယာရီ တိုက်စစ်မှူး ဒေးဗစ်ဆူရာဇိုက သွင်းယူပေးခဲ့ခြင်းဖြစ်သဖြင့် ရက်ဂျီးနားအတွက် ပထမဆုံးအနိုင်ရသည့်ပွဲ ဖြစ်သည်။

**(အင်တာနက်)**



အင်တာမီလန်တိုက်စစ်မှူး အီဘရာဟီမိုဗစ်(လယ်)၏ ဆမ်ဒိုရီးယားဘက်သို့ ထိုးဖောက်ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

## ဒီပို့တီဗိုတို့အနိုင်ရသည့် စပိန်လာလီဂါပွဲစဉ်(၃)

စုစည်းတင်ပြသူ
**မောင်မောင်မြင့်ဆွေ**

**မက်ဒရစ် စက်တင်ဘာ ၁၇**

စပိန်လာလီဂါဘောလုံးပွဲစဉ်(၃) အဖြစ် စက်တင်ဘာ၁၆ ရက်က ဒီပို့တီဗိုနှင့် ဗီလာရီးရဲလ်တို့ ကစားရာ ဒီပို့တီဗိုက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### မထိန်းနိုင်

အိမ်ကွင်း၌ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး အနိုင်ရရှိထားသော ဒီပို့တီဗိုသည် ပွဲစသည်နှင့် တိုက်စစ်ဖွင့် ကစားခဲ့ရာ တိုက်စစ်မှူးများဖြစ်သည့် ခရစ်စတင်းနှင့် ရီကီတို့က ထိုးဖောက်ကစားနိုင်ခဲ့မှုကြောင့် ဗီလာရီးရဲလ် နောက်တန်းခံစစ်မှူးများ မထိန်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

### မကျော်နိုင်

ဒီပို့တီဗိုအတွက် ဂိုးများကို ပွဲချိန် ၄ မိနစ်နှင့် ၆၇မိနစ်တွင် ကတ်ဒီဗီလာက တစ်ဦးတည်း နှစ်ဂိုးသွင်းကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဗီလာရီးရဲလ် တိုက်စစ်မှူးများဖြစ်သည့် ဖရန်ကိုနှင့် နီဟက်တို့လည်း ချေပဂိုးများရရှိရေး ကြိုးစားသော်လည်း ဒီပို့ဒီဗိုနောက်တန်းကို မကျော်နိုင်ဘဲ ဖြစ်ခဲ့သည်။

ဗီလာရီးရဲလ်တို့ ချေပဂိုး ရရှိရေးအတွက် မန်ယူတိုက်စစ်မှူးဟောင်း ဒီဂိုဖော်လန်ကို ဖရန်ကိုအစားထည့်ကာ ကစားစေခဲ့သော်လည်း ဂိုးရလဒ်ကို မပြောင်းလဲနိုင်ခဲ့ချေ။

ဗီလာရီးရဲလ်တို့ ချေပဂိုးများရရှိရေးအတွက် အပြင်းအထန်ကြိုးစားမှုကြောင့် ဗီလာရီးရဲလ်မှ တက်ခီနာဒီ၊ ဆင်နာ၊ ဗင်တာနှင့် ရိုဒေါဖိုတို့ အဝါကတ်ပြခံရသည်သာဖြစ်ခဲ့ပြီးအဝေးကွင်း၌ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ ဒီပို့တီဗိုသည် ယခုပွဲ အနိုင်ရရှိမှုကြောင့် တန်းစီဇယားထိပ်သို့ ရောက်ရှိလာသည်။ **(အင်တာနက်)**



ဒီပို့တီဗိုအသင်းမှ ကတ်ဒီဗီလာ၏ ဗီလာရီးရဲလ်ဘက်သို့ ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လှေလှော်ပြိုင်ပွဲ ဆုကြေးများ ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၇

**မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၆ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လှေလှော်ပြိုင်ပွဲကို နိုဝင်ဘာဒုတိယပတ်တွင် အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြီး ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။**

## ပြိုင်ပွဲသုံးမျိုး

ပြိုင်ပွဲ အမျိုးအစားများမှာ ရိုးရာလှေလှော်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲနှင့် နဂါးလှေလှော်ပြိုင်ပွဲ အမျိုးအစားဟူ၍ ပြိုင်ပွဲအမျိုးအစား သုံးမျိုးပါဝင်သည်။

ရိုးရာ လှေလှော်ပြိုင်ပွဲ(လောင်းလှေ) ပြိုင်ပွဲ အမျိုးသား အသက်(၂၅)နှစ်အောက် ငါးတက် မီတာ၅၀၀ ပြိုင်ပွဲတွင် ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ သုံးတက် မီတာ ၅၀၀ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် အမျိုးသမီး အသက်(၂၃)နှစ်အောက် ငါးတက် မီတာ၅၀၀(ငါးမြွေထိုး) ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်းနှင့် တတိယဆုငွေကျပ်တစ်သိန်းငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

## လက်ရည်စစ်

မြန်မာ့ရိုးရာလှေ (လောင်းလှေ) ပြိုင်ပွဲဝင် အသင်းများကို လက်ရည်စစ်ပွဲကျင်းပမည်ဖြစ်ပြီး လက်ရည်စစ်ပွဲတွင် လာရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းအားလုံး၏ ထက်ဝက်ဝင်သည့် အသင်းများကို ခရီးစရိတ် ထောက်ပံ့မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ အမျိုးသား အလွတ်တန်းပြိုင်ပွဲများတွင် တစ်ယောက်လှော်(Single Scull) ပြိုင်ပွဲ၊ အလွတ်တန်း လေးတက်လှော် (Cohless Fours)ပြိုင်ပွဲ၊ အမျိုးသား အသက်(၂၅)နှစ်အောက် ပြိုင်ပွဲများတွင် နှစ်ယောက်လှော် (Double Scull)၊ နှစ်တက်လှော် (Cohless Pairs) ပြိုင်ပွဲနှင့် လူသစ်တန်း လေးတက်လှော် (Tub Fours) ပြိုင်ပွဲများ ပါဝင်သည်။

## နဂါးလှေလှော်ပြိုင်ပွဲ

နဂါး လှေလှော်ပြိုင်ပွဲ အမျိုးသား ပြိုင်ပွဲများတွင် မီတာ ၅၀၀ ၁၀ တက်လှော်၊ မီတာ၅၀၀ တက် ၂၀ လှော်၊ အမျိုးသမီး မီတာ၅၀၀ ၁၀တက်လှော်၊ အမျိုးသား/အမျိုးသမီး မီတာ၅၀၀ ၁၀ တက်လှော်နှင့် တက် ၂၀ လှော်ပြိုင်ပွဲများပါဝင်သည်။

## ရည်ရွယ်ချက်

မြန်မာ့အလင်း သတင်းအဖွဲ့သည် အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့ သွားရောက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် တွေ့ဆုံပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ ရည်ရွယ်ချက်၊ အဖွဲ့ချုပ်၏ ရှေ့ရည်မှန်းချက်များကို တွေ့ဆုံမေးမြန်းကာ ရေးသားဖော်ပြလိုက်ပါသည်။

## ပေါင်းစည်းလေ့ကျင့်

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က "မိမိတို့ ယခုပြိုင်ပွဲ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မျိုးဆက်သစ် လူငယ်များ ရှာဖွေရန်နှင့် ၂၀၀၇ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်းနှင့် စစ်တောင်းမြစ်စသည့် အဓိကမြစ်ကြီးများရှိကြောင်း၊ ယင်းမြစ်ချောင်းများဘေးတွင် နေထိုင်သည့် လှေလှော်တတ်သည့် လူငယ်လူရွယ်များ ပါဝင် ယှဉ်ပြိုင်ရန် ရည်ရွယ်ကြောင်း၊ ယခုမြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကြီးမှ အလားအလာရှိသည့် လူငယ်များကို ရွေးချယ်၍ အပြည်ပြည်ဆိုင်ရာ လှေများဖြစ်သည့် ကနူးနှင့်ကယက် လှေအမျိုးအစားများဖြင့် လေ့ကျင့်သင်ကြားပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ စခန်းသွင်းလေ့ကျင့်ထားသည့် ပဏာမလက်ရွေးစင်များနှင့် ယခုပြိုင်ပွဲမှရရှိမည့် မျိုးဆက်သစ်လူငယ်များ ပေါင်းစည်း လေ့ကျင့်ပြီး ၂၀၀၇ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အောင်မြင်ရန်အတွက် ပါဝင်ဆင်နွှဲသွားမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

## စာရင်းပေးပို့နိုင်

ပါဝင်ယှဉ်ပြိုင်မည့် အသင်းများသည် အင်းလျားကန်စောင်းရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ထံ အောက်တိုဘာ ၅ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ ယှဉ်ပြိုင်နိုင်ကြောင်း သတင်းစကားပါးအပ်ပါသည်။ ။

**သတင်းမှတ်စု–သိန်းဝင်းလေး**

# ချယ်လ်ဆီးအသင်း လီဗာပူးကိုပွတ်ကာသီကာနိုင် မော်ရင်ဟိုနှင့်ဘင်နီတက်ဇ် လက်ဆွဲနှုတ်ဆက်ကြပြီ မန်ယူ ပရီမီယာလိဂ်၌ ရှုံးပွဲစကြို

**သတင်းမြင်ကွင်း – မြင့်မောင်စိုး**

လန်ဒန် စက်တင်ဘာ ၁၇

**ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် ကွန်မြူနတီဒိုင်း ချန်ပီယံ လီဗာပူးအသင်းတို့သည် စတန်းဖို့ဒ်ဘရစ်ချ်၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးအသင်းက ဒရော့ဘာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ရမှတ် သုံးမှတ် ပိုင်ဆိုင်သွားသည်။**

နှစ်သင်းစလုံးပွဲစသည်နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ပထမပိုင်းပြီးခါနီးအထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ရှိသည်။ သို့ရာတွင် ပထမပိုင်းပွဲပြီးရန် သုံးမိနစ်အလိုတွင် ဒရော့ဘာက ၁၈ကိုက်အကွာမှ ချယ်လ်ဆီးအသင်းအတွက် သွင်းယူသွားခဲ့သည်။



**လက်ဆွဲနှုတ်ဆက်**

**ပွဲအပြီး မော်ရင်ဟို(ယာ)နှင့် ဘင်နီတက်ဇ်တို့ ဤသို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။**

(ဓာတ်ပုံ– အင်တာနက်)

## ထိန်းကစားနိုင်

ဒုတိယပိုင်း ပြန်စချိန် ပွဲချိန် ၅၁မိနစ်တွင် ချယ်လ်ဆီးကွင်းလယ်ကစားသမားမိုက်ကယ်ဘောလက် အနီကတ်ဖြင့် ထွက်သွားရသည်။ သို့သော် ချယ်လ်ဆီးအသင်းသည် ရရှိထားသော အနိုင်ဂိုးဖြင့် လီဗာပူးကို ထိန်းကစားနိုင်ခဲ့သည်။

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် အကောင်းဆုံး ကန်သွင်းခွင့်ရရှိရာ ရှစ်ကိုက်အကွာမှ တစ်ဟုန်ထိုး ကန်သွင်းခဲ့သော်လည်း ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် ကာကွယ်ပေးနိုင်ခဲ့သည်။

ပထမပိုင်းတွင် လီဗာပူးတိုက်စစ်မှူး ဒတ်ကွက် ဂိုးသွင်းခွင့်ကြုံသော်လည်း ဂိုးတန်းပေါ်ကျော်တက်သွား၍ နစ်နာခဲ့ရသည်။

## ဂိုးမရခဲ့

လမ်းပတ်၏ ၂၅ကိုက်မှ အလွတ်တည်သော ကန်သွင်းသော်လည်း လီဗာပူးဂိုးသမား ရေးနာ အလွယ်တကူ ဖမ်းယူနိုင်ခဲ့သည်။ နှစ်သင်းစလုံးသည် ပထမပိုင်းပွဲပြီးရန် နီးလာချိန်တွင် တိုက်စစ်ကို အရှိန်မြှင့်ကစားခဲ့ကြရာ လီဗာပူးတိုက်စစ်မှူး ဘယ်လာမီ ကန်သွင်းခွင့် ရရှိခဲ့သေးသည်။ သို့သော်လည်း ဂိုးမရရှိခဲ့ပေ။

ပွဲချိန် ၄၂ မိနစ်တွင် ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာသည် လမ်းပတ်ပို့ပေးလိုက်သော ဘောလုံးမှတစ်ဆင့် နောက်တန်းလူ ကာရေဂါကို ကျော်ဖြတ်၍ သွင်းယူခဲ့သည်။ စတီဗင်ဂျရတ်သည် ပထမပိုင်းမပြီးမီ အနီးကပ် ဂိုးသွင်းခွင့်ရသည်။ လီဗာပူးမှ ဆစ်ဆိုကိုသည် လမ်းပတ်ကို ကြမ်းတမ်းစွာကစားခဲ့၍ နှစ်ဝါထိသော်လည်း ကံကောင်းစွာ ပြိုင်ပွဲမှမထွက်ခဲ့ရပေ။



**ဂျရတ်၏ ထိုးဖောက်ကစားမှုကို ချယ်လ်ဆီးနောက်တန်းလူ ဘိုလာရုစ် ဤသို့ ဟန့်တားခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

ပွဲပြီးခါနီးတွင် ပီတာခရော့ချ် ခေါင်းတိုက်ခွင့်ကြုံသော်လည်း လွဲချော်သွားခဲ့သည်။ ပွဲအပြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ၎င်း၏ ပြိုင်ဘက် ဘင်နီတက်ဇ်ကို စောင့်နေခဲ့သည်။ တစ်ဦးနှင့်တစ်ဦး လက်ဆွဲ နှုတ်ဆက်ကြပြီဖြစ်၍ ရန်လိုနေမှုများ ပြေငြိမ်းသွားစေခဲ့သည်။

## အခြားပွဲများ ရလဒ်များ

| | | | | |
|---|---|---|---|---|
| ဘလက်ဘန်း | ၄ | – | ၂ | မန်စီးတီး |
| နယူးကာဆယ် | ၂ | – | ၀ | ဝက်စ်ဟမ်း |
| တော့တင်ဟမ် | ၀ | – | ၀ | ဖူလ်ဟမ် |
| အာဆင်နယ် | ၁ | – | ၀ | မန်ယူ။ |

**(အင်တာနက်)**

# မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

## ပျံကျဈေးသည်များ ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား–**

မော်လမြိုင်မြို့ ဈေးကြီးရပ် သထုံတံတားလမ်းတစ်လျှောက် (အောက်လမ်းမကြီးနှင့် ကမ်းနားလမ်းကြား)တွင် ပျံကျဈေးသည်များ ကားလမ်းပေါ်သို့ ကျူးကျော် ရောင်းချနေ၍ ယာဉ်များ ခက်ခဲစွာ သွားလာနေရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းရှင်းလိုသူ**

## အမှိုက်ပုံ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

လှိုင်မြို့နယ် ၁၁ရပ်ကွက် ယောဂီကျောင်းလမ်း မြန်မာ့ဂျုံစက်ရှေ့ရှိ အမှိုက်ပုံမှ အနံ့ဆိုးများသည် ပတ်ဝန်းကျင်နေပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် အဆိုပါ အမှိုက်ပုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ယောဂီကျောင်းလမ်းသား**

## သုခလမ်းမကြီး ပြုပြင်ပေးပါ

**စာတည်းခင်ဗျား–**

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကွင်းကောက်ရဲစခန်းအနီးရှိ သုခလမ်းမကြီးမှာ ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**သုခလမ်းသား**

## အမှိုက်မီးရှို့မှု ကြပ်မတ်ပေးပါ

**စာတည်းရှင်–**

ကချင်ပြည်နယ် ဟိုပင်မြို့ မြို့မတောင်ရပ်ကွက် ဈေးကြီးအနီး ကားလမ်း၊ မီးရထားသံလမ်းနှင့် ကပ်လျက်တွင် ညနေတိုင်း အမှိုက်များမီးရှို့နေသောကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာက ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**

## အမှိုက်ပုံကြောင့် ကျန်းမာရေးထိခိုက်နေ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၈)ရပ်ကွက် ၃၉လမ်း(အလယ်လမ်း) အမှတ် ၁၆၅အနီး နောက်ဖေးလမ်းကြား ရေမြောင်း မြောင်းဖုံးပေါ်တွင် ရှိသော အမှိုက်ပုံကြောင့် ရေမြောင်း ပိတ်ဆို့ပြီး လမ်းပေါ်ရေလျှံလျက်ရှိပါသည်။

အမှိုက်ပုံမှ ထွက်ရှိသည့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေး ထိခိုက်နေပါ၍ အဆိုပါ အမှိုက်ပုံအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာစေလိုသူ**

## လောင်စာဆီကြောင့် မီးဘေးစိုးရိမ်ရ

**စာတည်းခင်ဗျား–**

မတ္တရာ မီးရထား ဘူတာရုံအပေါက်ဝရှိ ကုန်စုံဆိုင်ကြီးမှာ အရက်၊ ဆေးလိပ်၊ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ မီးခြစ်တို့နှင့်အတူ ဓာတ်ဆီကိုပါ တရားမဝင် ရောင်းချလျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါ၍ လိုအပ်သလို ကြပ်မတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**မီးကြောက်သူ**

## လမ်းပေါ်ကလက်ဖက်ရည်ဆိုင်

**စာတည်းခင်ဗျား–**

မန္တလေးမြို့ ချမ်းမြသာစည်တောင် အကွက်၈၆၇ အတွင်းရှိလက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် စားပွဲခုံနှင့် ခုံရှည်ကြီးများကို လမ်းပေါ်တွင် ပိတ်ဆို့ပြီး နေ့ရောညပါ ဖွင့်လှစ် ရောင်းချနေသောကြောင့် လူနှင့်ယာဉ်များ သွားလာရေး ခက်ခဲလျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မောင်ကြုံတွေ့**

## စက်သုံးဆီများ သိုလှောင်မှုမီးဘေးစိုးရိမ်ရ

**စာတည်းခင်ဗျား–**

ဝေါမြို့နယ် စည်ပင်သာယာဈေးဘေးရှိ ကမ်းနားဓမ္မာရုံအောက်တွင် စက်သုံးဆီများ သိုလှောင်ထားရှိပါသည်။ ယခုအခါ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အဆိုပါ လောင်စာဆီသိုလှောင်ထားရှိမှုကို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

## ဒဂုံညွှန့်ဈေးအနီးမှ စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

တာမွေမြို့နယ် ဒဂုံညွှန့်ဈေးအနီးရှိ ကောသံပြည်လမ်းနှင့် သတိပဋ္ဌာန်လမ်းတို့တွင် စည်းကမ်းမဲ့ ဈေးသည်များသည် လမ်းပိတ်ဆို့ပြီး ရောင်းချနေသည့်အပြင် ရောင်းကြွင်းရောင်းကျန်အမှိုက်များကြောင့် ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးထိခိုက်လျက်ရှိပါ၍ အဆိုပါ စည်းကမ်းမဲ့ဈေးသည်များအား သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သား**

## မြဂန္ဓမာဈေး အမှိုက်ပုံဖယ်ရှားပြီး

၇–၈–၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မရမ်းကုန်းမြို့နယ် ၂ ရပ်ကွက် ဈေးများဌာနပိုင် **မြဂန္ဓမာဈေးမှအမှိုက်ပုံ ရှင်းလင်းဖယ်ရှားပေးပါ** ရန် ခေါင်းစဉ်နှင့်ပတ်သက်၍ ဖယ်ရှား ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့**

KMD ကွန်ပျူတာအခြေခံသင်တန်း i-Office
(Duration 80 Hours)
E-mail နှင့် Internet ... Digital Camera, Scanner ... Hardware Device ...
Reference ...

Three Friends Construction ... Discount ...
ဆက်သွယ်ရန်လိပ်စာ
44A(1) ...
ရန်ကုန်။
01-294864, 201121,201478,298341
09-50 11443
09-50 10289
09-51 54853
09-51 55037

အိမ်အတွင်း အပြင် အလှဆင်ခြင်းလုပ်ငန်းများ (3 % to 7 % Off)
T&G, Thaiply ... Modern Furniture ... (MDF,Ply,Chip,Teak) ... Rollershutter ... Composite ... Architectural Design ...
အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း (3 % to 10 % Off)
... Wall Covering ... C-channel ... L-Bar ... (Ply,Teak)...
အထပ်မြင့်နှင့်လုံးချင်းအိမ်များဆောက်လုပ်ခြင်း(PAE) (2% Off)





ဝါကျွတ်မှာ---
ပြီးပြည့်စုံတဲ့မင်္ဂလာပွဲတစ်ခု ကျင်းပဖို့ စိတ်ကူးနေပြီလား။
သင့်စိတ်ကူးတွေကို လက်တွေ့
အကောင်အထည်ဖော်ကြရအောင်။
မင်္ဂလာပွဲကုန်ကျစရိတ်တွေကိုလည်း
ကျစ်လျစ်သိပ်သည်းအောင်
ဆောင်ရွက်ရင်း ၃၀–၀၉–၂၀၀၆ မတိုင်မီ
စာရင်းသွင်းခြင်းဖြင့် အထူးအခွင့်အရေးများရယူနိုင်ပါပြီ။
Phone: ... Fax: ...
E-mail: yuzanagarden@mptmail.net.mm


## ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အခြေခံစီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၇

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က အခြေခံစီမံခန့်ခွဲမှုသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၈ရက်က ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်ကြည်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ပြည်နယ်အထောက်အကူပြု ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆိုနှင့် ရှားတောမြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင် ၃၀ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း ကော့မှူးမြို့ ပြည်တော်သာ ရပ်ကွက်ရှိ မြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့၏ ဇေတဝန်ကမ္ဘာရုံတော်၏ ဘုရားခန်း၊ မျက်နှာကြက်နှင့် မှန်ခန်းပြုလုပ် တပ်ဆင်မှုအတွက် ကုန်ကျငွေ စုစုပေါင်း ၄၇၂၆၆၂ကျပ်ကို စက်တင်ဘာ၁ရက်တွင် မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းနေ အလှူရှင် ဦးလှရှင်း – ဒေါ်ထွေးရီ (ရွှေပန်းထိမ်) မိသားစုက လှူဒါန်းရာ မြို့နယ် မလွန်ဆန်လှူသင်းထောက်ဥက္ကဋ္ဌ ဦးခင်ဇော်က လက်ခံယူစဉ်။ (က–ပ)

## အိမ်ထောင်စုလူဦးရေစာရင်း လိုက်နာရမည့်အချက်များ

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ လာရောက်ဆက်သွယ်၍ အိမ်ထောင်စု လူဦးရေစာရင်းလျှောက်ထားရာတွင် ကြိုတင် တင်ပြရန်လိုအပ်မည့် အချက်များအား လျှောက်ထားသူ ကာယကံရှင်များသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

### အိမ်ထောင်စုစာရင်းမှသေဆုံးသူ၏အမည်စာရင်းပယ်ဖျက်လျှင် ပါရှိရမည့်စာရွက်စာတမ်းများ

၁။ သက်ဆိုင်ရာ အိမ်ထောင်ဦးစီး(သို့မဟုတ်) အိမ်ထောင်စုဝင်တစ်ဦးမှ ကိုယ်တိုင်လာရောက် လျှောက်ထားရမည်။
၂။ သေဆုံးကြောင်း ပုံစံထွေ ၂(က) (သို့မဟုတ်) သေဆုံးကြောင်း လက်မှတ်မူရင်း၊ မိတ္တူပါရမည်။
၃။ တိုင်ကြားသူနှင့် သေဆုံးသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူပါရှိရမည်။
၄။ ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်။

### အိမ်ထောင်စုတစ်စုမှသီးခြားအိမ်ထောင်စုခွဲထွက်လိုလျှင် ပါရှိရမည့်စာရွက်စာတမ်းများ

၁။ ကာယကံရှင် ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထားရမည်။
၂။ အိုးခွဲ၊ အခန်းခွဲ၊ ခေါင်ခွဲ၊ စီးပွားခွဲ စသည့် ခွဲ(၄)ခွဲနှင့် ညီညွတ်ရမည်။
၃။ အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက်ပါရှိရမည်။
၄။ လျှောက်ထားသူနှင့် အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူပါရှိရမည်။
၅။ ရပ်ကွက်အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်။

### ရွာရန်ရာနှုန်း၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မူးယစ်ကင်းစင်အလှဆင်**



## ပန်းတစ်ပွင့်တောင်စေတီတော်များ ဆီမီး၉၉၀၀ပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေတွင် အောက်တိုဘာ ၆ရက် နံနက်၉နာရီတွင် ရွှေကျောင်းတော်ကြီးအပေါ်ထပ် ရေစက်ချအခမ်းအနား၊ စာကြည့်တိုက် ပန္နက်တော်တင်အခမ်းအနား၊ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်အား စုပေါင်းသိင်္ကာထပ်ပွဲနှင့် ပန်းတစ်ပွင့်တောင်နယ်မြေရှိ ဆယ့်တစ်မီးငြိမ်းစေတီတော်၊ ယက္ခတောင်စေတီတော်၊ ကျွတ်လွတ်စေတီတော်၊ နဂါးရုံဘုရား၊ အောင်ဝိဇ္ဇာစေတီတော်၊ ကျိုက်ထီးရိုးပုံတူစေတီတော်များအား ဆီမီးနံ့သာ၉၉၀၀စီ ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ အလှူရှင်များ အချိန်မီတက်ရောက်ကြရန်နှင့် ဆီမီးပူဇော်ပွဲအတွက် ဆီတစ်ပုံးကျပ်၁၄၄၀၀ဖြင့် ပန်းတစ်ပွင့်တောင် ဝေယျာဝစ္စအဖွဲ့ ဖုန်း–၀၅၅–၂၀၂၅၉၊ ၀၅၅–၂၀၅၃၃၊ ဦးတီတိုး ဖုန်း–၅၀၀၈၂၅၊ ဒေါ်တင်တင်ဝင်း ဖုန်း–၆၄၀၁၈၁၊ ဒေါ်ကျင်သောင်း ဖုန်း– ၂၄၅၄၈၈နှင့် ဦးရွှေသန်း ဖုန်း–၆၉၉၈၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၀၄၆)



မဇ္ဈိမဒေသ ဗုဒ္ဓဂယာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်း အမှတ်၇၃နေ ဦးအေးနိုင်–ဒေါ်အေးသိန်းမိသားစုက မိဘနှစ်ပါးကိုအမှူးထား၍ သမီး–မနီလာအေး၏ မွေးနေ့အကြို (၂၄–၁၀–၂၀၀၆ရက်) အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်ကလက်ခံ၍ ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

# ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း

ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၉ တိုက်နှင့် သီလရှင် စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၉တိုက်နှင့် သီလရှင်စာသင်တိုက်ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားပရိဝုဏ်ရှိ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၉ တိုက်မှ ပဓာနနာယက ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များနှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်မှ သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

## စက်တင်ဘာ ၁၇ ရက်၌ မိုးရွာသွန်းလေသမျှ

| | | | | |
|---|---|---|---|---|
| နေပြည်တော် | ၀ | ဒသမ | ၇၈ | လက်မ |
| သံတွဲ | ၃ | ဒသမ | ၂၃ | လက်မ |
| ဂွမြို့ | ၂ | ဒသမ | ၉၉ | လက်မ |
| တောင်တွင်းကြီး | ၂ | ဒသမ | ၆၀ | လက်မ |
| မြိတ် | ၁ | ဒသမ | ၈၄ | လက်မ |
| မော်ဘီ | ၁ | ဒသမ | ၇၀ | လက်မ |
| မကွေး | ၁ | ဒသမ | ၆၅ | လက်မ |

## NLD ပါတီအပေါ် ယုံကြည်သက်ဝင်မှု၊ စိတ်ပါဝင်စားမှုမရှိတော့သဖြင့် ဓနုဖြူမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့မှ NLD ပါတီဝင် ၂၀ တို့ စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသန့်ဇင်၊ ဦးအောင်ကြည်ငြိမ်း၊ ဦးသိန်းထွန်း၊ ဦးလှစိုး၊ ဦးသိန်းအောင်၊ ဦးသန်းဇင်၊ ဦးမောင်စန်း၊ ဦးသိန်းဆွေ၊ ဦးဝင်းရွှေ၊ ဦးမြင့်အောင်၊ ဦးလှမြင့်၊ ဦးသန်းတင်၊ ဦးနိုင်ဦး၊ ဦးစိုးမြင့်၊ ဦးသန်းထိုက်နှင့် ဦးဝင်းထိုက်တို့ ၁၆ ဦးသည် လည်းကောင်း၊ ဟင်္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကံရင်၊ ဦးစန်းမြင့်၊ ဦးညွန့်ရွှေနှင့် ဦးအုန်းသိန်းတို့ လေးဦးသည်လည်းကောင်း ဩဂုတ် ၂၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဓနုဖြူမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲနှင့် ဟင်္သာတမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲတို့သို့ပေးပို့သော ပါတီဝင် ၂၀ တို့၏ နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပါတီနိုင်ငံရေး သန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုး မဟုတ်သဖြင့် ပါတီအပေါ် ယုံကြည်သက်ဝင်မှုမရှိတော့ခြင်း၊ စိတ်ပါဝင်စားမှု မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## ဗီတာမင်ဒီသည် ကင်ဆာရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်

ဝါရှင်တန် စက်တင်ဘာ ၁၇

**ဗီတာမင်ဒီဆေးပြားများ သောက်သုံးခြင်းသည် ပန်ကရိယကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။**

လျော့ချပေးနိုင်

**ဗီတာမင်ဒီကို ပုံမှန်သောက်သုံးသွားသူသည် ပန်ကရိယကင်ဆာအပြင် အခြားရောဂါအများအပြားကိုလည်း ကာကွယ်နိုင်ကြောင်း၊ အခြားရောဂါဖြစ်ပွားမှု၏ ရာခိုင်နှုန်း၅၀ကို လျော့ကျစေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ သုတေသနပြုချက်အရ သိရသည်။**



**ဗီတာမင်ဒီသည် အူမကြီးကင်ဆာ၊ ရင်သား ကင်ဆာနှင့် ဆီးကျိတ် ကင်ဆာများကိုလည်း ကာကွယ်နိုင်သည့်အပြင် ကင်ဆာအကျိတ်အဖုများကိုလည်း လျော့ကျအောင် ပြုလုပ်နိုင်စွမ်းရှိကြောင်းလည်း ၎င်းသုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။**

ပိုမိုဖြစ်ပွား

**သို့သော်လည်း ပန်ကရိယကင်ဆာ ဖြစ်ပွားနေသူများသည်**

စာမျက်နှာ ၆ ကော်လံ ၁ ❐

**အင်တာနက် အထူး သတင်း**



## ကမ္ဘာ့လူဦးရေ၏ ၈ ရာခိုင်နှုန်းသည် ဆီးချိုရောဂါခံစားနေရသူများဖြစ်

လန်ဒန် စက်တင်ဘာ ၁၇

ကမ္ဘာ့လူဦးရေ၏ ၈ ရာခိုင်နှုန်းသည် ဆီးချိုရောဂါခံစားနေရသူများဖြစ်ကြောင်း၊ ထိုသူများသည် အနေအထိုင်နှင့် အစားအသောက် မဆင်ခြင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း လန်ဒန်ရှိ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားသည်။

**စာမျက်နှာ ၆ ကော်လံ ၂** ■